ဓမ္မစရိယာစ ဧတံ မင်္ဂလ မုတ္တမံ၊ ကောင်းမြတ်သော သုစရိုက်တရားတို့ကို ကျင့်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၂ ရက်၊ ၂၀၀၄ ခုနှစ်၊ ဖေဖော်ဝါရီ ၇ ရက်၊ စနေနေ့၊ အတွဲ(၄၁)၊ အမှတ်(၁၃၀)

(၅၇)နှစ်မြောက်ပြည်ထောင်စုနေ့ဂုဏ်ပြုကြိုဆို

"နိုင်ငံတကာနယ်ချဲ့ပယောဂများ၊ ဝင်ရောက်စွက်ဖက်မှုများ၊ သွေးထိုးသပ်လျှိုဖြိုခွဲမှုများ၊ ကျူးကျော်တိုက်ခိုက်မှုများစသော မလိုလားအပ်သည့်အန္တရာယ်များနှင့်အတူ မဟာအင်အားကြီးနိုင်ငံတို့၏ ပြဿနာအခြေအရုံနိုင်ငံအဖြစ်သို့ ရောက်ရှိပြီး နိုင်ငံအတွင်းရှိ ပြည်သူများ၏ အသက်နှင့် စည်းစိမ် ဥစ္စာများ ပျက်စီးဆုံးရှုံးခဲ့ရသည်။ ၎င်းတို့သည် နိုင်ငံတကာကပေးသော သင်ခန်းစာများဖြစ်ပေသည်။"

ကေတုနီလာ၏ (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုဆောင်းပါး **"ပြည်ထောင်စုမပြိုကွဲရေးအတွက် နိုင်ငံတကာမှ ရယူသင့်သောသင်ခန်းစာများ"**ကို စာမျက်နှာ (၈၊၉)၊ ဒေါက်တာသန်းဦး၏ **"တို့များအဓိဋ္ဌာန်"** ကဗျာကို စာမျက်နှာ(၄)နှင့် **"တနင်္သာရီတိုင်း၏ ဖွံ့ဖြိုးတိုးတက်မှုမြင်ကွင်း"**တို့ကို စာမျက်နှာ(၇)တွင် ဝေဝေဆာဆာ ဖော်ပြထားပါသည်။ **(မြန်မာ့အလင်း)**

နိုင်ငံတော်သစ်ကို အမျိုးသားပြန်လည်စည်းလုံးညီညွတ်မှု အုတ်မြစ်ဖြင့် အခိုင်အမာတည်ဆောက်ကြရမည်

နိုင်ငံတော်တွင် သဘာဝသယံဇာတများ ကြွယ်ဝပါလျက် လွတ်လပ်ရေးနှင့်အတူ လက်နက်ကိုင်ဆူပူမှုများ ကပ်ပါလာခဲ့ပြီး နိုင်ငံတော် တည်ငြိမ်အေးချမ်းမှု မရှိခဲ့သောကြောင့် နိုင်ငံတော်သည် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျခဲ့ရပါသည်။ ဤသို့ ဖွံ့ဖြိုးတိုးတက်မှုနောက်ကျကျန်ရစ်ခဲ့ရသည့် သမိုင်းကြွေးတာဝန်ကို ပြန်ဆပ်နိုင်ရန် ပြည်ထောင်စုတိုင်းရင်းသားအားလုံးသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကို အမျိုးသားပြန်လည်စည်းလုံးညီညွတ်မှု အုတ်မြစ်ဖြင့် အခိုင်အမာ တည်ဆောက်ကြရမည်ဖြစ်ပါသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

(၅၁)နှစ်မြောက် ပြည်ထောင်စုနေ့သဝဏ်လွှာမှ–

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး စစ်ကိုင်းတိုင်းကလေးစက်မှုဇုန်နှင့် တည်ဆောက်ရေးလုပ်ငန်းများလှည့်လည်ကြည့်ရှုစစ်ဆေး အောင်မြင်ဖြစ်ထွန်းသည့်စက်မှုဇုန်ဖြစ်ရေးကြိုးပမ်းကြရန် စက်မှုလုပ်ငန်းရှင်များအားမှာကြား

ရန်ကုန် ဖေဖော်ဝါရီ ၆

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်စိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်မြတ်ဟိန်း၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊

စာမျက်နှာ ၁၀ ကော်လံ ၁ ▼

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး စစ်ကိုင်းတိုင်း မြစ်သာတံတား(ကလေးဝ) တည်ဆောက်ရေးစီမံကိန်းကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)



နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

အယ်ဒီတာ့ အာဘော်

(၂၀၀၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်)

ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်ရေး ရုပ်မြင်သံကြားလိုင်းသစ် အောင်မြင်အောင် ပူးပေါင်းဆောင်ရွက်

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက–

“ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် မီဒီယာကို တတ်နိုင်သမျှ ကျယ်ပြန့်အောင် တိုးချဲ့ရန်၊ မြန်မာနိုင်ငံအတွင်း နယ်စပ်ဒေသပါမကျန် မီဒီယာလုပ်ငန်း ပျံ့နှံ့အောင် ဆောင်ရွက်ရန်၊ မြန်မာနိုင်ငံသာမက ကမ္ဘာ့နိုင်ငံများသို့ပါ ထိုးဖောက်ပျံ့နှံ့အောင် ဆောင်ရွက်ရန်၊ မီဒီယာများ တိုးချဲ့ရာတွင်လည်း တတ်နိုင်သမျှ ငွေကြေးအကုန်အကျသက်သာအောင်ဆောင်ရွက်ရန်၊ မီဒီယာများ သွက်လက်ထက်မြက်နေအောင် အမြဲသုံးသပ် ပြုပြင်ဆောင်ရွက်ရန်”

ဟူသည့် အချက်များကို ကြိုးပမ်းဆောင်ရွက်ရန် လမ်းညွှန်မှုပေးထားသည်။

ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ခရီးသွားလုပ်ငန်းတွင် အဓိက ပါဝင်ဆောင်ရွက်နေကြသည့် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းရှင်များ၊ ပို့ဆောင်ရေးလုပ်ငန်းရှင်များပူးပေါင်းပြီး မီဒီယာလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက ရုပ်မြင်သံကြားလိုင်းအသစ် ထပ်မံတိုးချဲ့ထုတ်လွှင့်ရေး ညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီလ ၅ ရက်နေ့ ညနေပိုင်းက ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်နှင့် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်တို့ တက်ရောက်၍ အမှာစကား အသီးသီးပြောကြားကြသည်။

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အဖွင့်အမှာစကား ပြောကြားရာတွင် မြန်မာနိုင်ငံရှိ ကမ္ဘာလှည့်ခရီးသည်များ စိတ်ဝင်စားမည့် နေရာများ၊ နိုင်ငံတည်ငြိမ်အေးချမ်းမှု အခြေအနေမှန်များကို ကမ္ဘာကသိရှိအောင် မြန်မာ့ရုပ်မြင်သံကြား မီဒီယာက ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် လုပ်ငန်းရှင်များ ပူးပေါင်းပါဝင် ဆောင်ရွက်နိုင်ရေးအတွက် ဆွေးနွေးညှိနှိုင်းကြရန် လိုအပ်မည်ဖြစ်ကြောင်း ပြောကြားသွားသည်။

မီဒီယာနှင့် ခရီးသွားလာရေးလုပ်ငန်းသည် လုပ်ငန်းသဘောသဘာဝအရ အပြန်အလှန်ဆက်နွှယ် အကျိုးပြုနေသည့် လုပ်ငန်းများဖြစ်သည်။ ခရီးသွားလုပ်ငန်းသည် နိုင်ငံတော်၏ စီးပွားရေးအတွက် အလွန်အရေးပါသော လုပ်ငန်းတစ်ခု ဖြစ်သည်။ ထို့ကြောင့် ခရီးသွားလုပ်ငန်းသည် နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသည့်ကဏ္ဍမှ ပါဝင်နေသကဲ့သို့ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းရှင်များအတွက်လည်း ဝင်ငွေကောင်းသည့် လုပ်ငန်းကြီးတစ်ခုပင် ဖြစ်သည်။

မြန်မာ့ရုပ်မြင်သံကြားအနေဖြင့် MRTV-3 အင်္ဂလိပ်ပိုင်းအစီအစဉ်နှင့် အင်တာနက် Network ၌လည်း ထည့်သွင်းထုတ်လွှင့်ပေးနေသည့်အတွက် ယခုအခါ အာရှ၊ ဥရောပနှင့် အမေရိကတိုက်တို့ရှိ နိုင်ငံအများအပြားတွင် ဖမ်းယူကြည့်ရှုနိုင်ပြီ ဖြစ်သည်။ တစ်နည်းအားဖြင့် MRTV-3 သည် World-wide အဆင့်သို့ ကျယ်ကျယ်ပြန့်ပြန့်ရောက်ရှိလာပြီ ဖြစ်သည်။ MRTV-3 ကို အပိုင်း နှစ်ပိုင်းခွဲ၍ ပထမအပိုင်းမှာ မြန်မာနိုင်ငံအပေါ် ကမ္ဘာကစိတ်ဝင်စားမှု ပိုမိုရရှိအောင် ဆွဲဆောင်နိုင်ရန်ဖြစ်ပြီး ဒုတိယအပိုင်းမှာ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာစေရန် ခရီးသွားကြော်ငြာများ ထည့်သွင်းထုတ်လွှင့်ပေးရန် စီစဉ်လျက်ရှိသည်။

ထို့အပြင် မြန်မာ့ရုပ်မြင်သံကြားအနေဖြင့် လိုင်းအသစ်တစ်ခုကိုလည်း ထပ်မံတိုးချဲ့၍ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး စသည့်ကဏ္ဍများတွင် ကဏ္ဍတစ်ခုစီအတွက် သီးသန့်ပညာပေးအစီအစဉ်များ ပိုမိုထုတ်လွှင့်နိုင်ရန် စီစဉ်နေသည်။ ထို့အပြင် ဖျော်ဖြေရေးကဏ္ဍကိုလည်း ထည့်သွင်းထုတ်လွှင့်သွားမည်ဖြစ်ပြီး ယင်းကဏ္ဍတွင် မြန်မာရုပ်ရှင်နှင့် ဗီဒီယိုဇာတ်ကားများ၊ နေ့စဉ်ထုတ်သတင်းစာများနှင့် ဂျာနယ်များကို ထုတ်လွှင့်ဖော်ပြပေးမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ ရုပ်မြင်သံကြားလိုင်းအသစ်အစီအစဉ်ကို လုပ်ငန်းရှင်များက မိမိတို့၏ ဟိုတယ်များ၊ တည်းခိုခန်းများတွင် တပ်ဆင်ထုတ်လွှင့်ပေးပါက ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ ကွက်လပ်ဖြည့်နိုင်၊ ချောမွေ့လာနိုင်မည် ဖြစ်သည်။

သို့ဖြစ်ရာ ရုပ်မြင်သံကြားလိုင်းအသစ် အစီအစဉ်သည် မြန်မာ့ခရီးသွားလုပ်ငန်း၏ ရှိပြီးသားအရင်းအမြစ်တန်ဖိုးများကို နိုင်ငံခြားသားများသိရှိစေရေး ဆောင်ရွက်ပေးမည့် အစီအစဉ်ဖြစ်သည်။ ထို့ကြောင့် ကမ္ဘာလှည့်ခရီးသွားလာရေးလုပ်ငန်း အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာရေးအတွက် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ပုဂ္ဂလိက ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းရှင်များက ရုပ်မြင်သံကြားလိုင်းအသစ် အစီအစဉ်အောင်မြင်ရေး ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်း ရေးသားလိုက်ရပါသည်။ ။

စီးပွားရေးနှင့်စက်မှုလုပ်ငန်း လုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်းဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၆

အလုပ်သမားဝန်ကြီးဌာန၊အလုပ်သမား ညွှန်ကြားရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်းတို့ ပူးပေါင်း၍ စီးပွားရေးနှင့် စက်မှုဆိုင်ရာ လုပ်ငန်းအသီးသီးတွင် စီမံခန့်ခွဲရေးဆိုင်ရာ တာဝန်ယူလုပ်ကိုင်နေကြသော ပုဂ္ဂိုလ်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ စက်မှုလုပ်ငန်းရှင်များ၊ စီမံခန့်ခွဲမှုဆိုင်ရာ ပညာရပ်များကို စနစ်တကျ နားလည်သိရှိလိုသော ပုဂ္ဂိုလ်များအတွက် ကြီးကြပ်ရေးမှူးသင်တန်းကို ဖေဖော်ဝါရီ ၂၃ ရက်မှ ၂၈ ရက် အထိ အမှတ် ၂၉၈၊ မြနန္ဒာလမ်း၊ ကျောက်ကုန်း ၁၃ ရပ်ကွက် ရန်ကင်းမြို့နယ်ရှိ လုပ်သားများလုပ်ငန်းခွင် ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်းတွင် ဖွင့်လှစ်မည်ဖြစ်သည်။ သင်တန်းတက်ရောက်လိုသူများသည် အမှတ် ၅၀၄/၅၀၆ ကုန်သည်လမ်း၊ ၃၉ လမ်းထောင့် ကျောက်တံတားမြို့နယ် ဖုန်း–၂၄၁၉၁၉ သို့ ဖြစ်စေ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။

(က–ပ)

ပြည်သူ့သဘောထား

- * ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- * ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တပ်မတော်နေ့အထိမ်းအမှတ် ကဗျာနှင့်အနုပညာပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၆

၂၀၀၅ ခုနှစ် (၆၀)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ကဗျာနှင့် အနုပညာပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီ၏ စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ယဉ်ကျေးမှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ (၆၀)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ကဗျာနှင့် အနုပညာပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်နှင့် လုပ်ငန်းကော်မတီဝင်များ၊ ဆပ်ကော်မတီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံးနှင့် မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များအစည်းအရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ သဘာပတိ (၆၀)နှစ်မြောက်တပ်မတော်နေ့ အထိမ်းအမှတ် ကဗျာနှင့်အနုပညာပြိုင်ပွဲ ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ကဗျာပြိုင်ပွဲကျင်းပရေး၊ စစ်ချီစစ်ရေးတေးပြိုင်ပွဲကျင်းပရေး၊ ပန်းချီပန်းပု ပြပွဲပြိုင်ပွဲကျင်းပရေးနှင့် ပြခန်း ခင်းကျင်းပြသရေးဆပ်ကော်မတီများမှ တာဝန်ရှိသူများက မိမိတို့ ဆပ်ကော်မတီအလိုက် လုပ်ငန်းဆိုင်ရာ ဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် ဆက်လက် ဆောင်ရွက်သွားမည့် လုပ်ငန်းကိစ္စရပ်များကို ဆွေးနွေးတင်ပြကြရာ ဌာနဆိုင်ရာများနှင့် အဖွဲ့အစည်းများမှ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ထားရှိသည့် လုပ်ငန်းဆိုင်ရာ အခြေအနေများကို ဆွေးနွေးတင်ပြကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဇန်နဝါရီ ၂၃ ရက်က ၀၉/ ဦးထွန်းလင်းခြံလမ်း ကမာရွတ်မြို့နယ် ဆရာဦးမြကြိုင်နှင့် ကျောင်းသားများက လှူဒါန်းငွေ စုစုပေါင်း ကျပ် နှစ်သိန်းခြောက်ထောင်လေးရာ တိတိကို ဗြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက် သုဒဿနလမ်း ၁၆/၂ ရပ်ကွက် သင်္ဃန်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်း (ရန်ကုန်)သို့ လှူဒါန်းရာ အတွင်းရေးမှူး အဖွဲ့ဝင် ဦးသိန်းဝင်းက လက်ခံရယူစဉ်။

(က–ပ)

အထက(၃) စမ်းချောင်း မြတ်ဆရာပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၆

အထက(၃)စမ်းချောင်းတွင်တာဝန်ထမ်းဆောင်ခဲ့သော လုပ်သက်ငါးနှစ်ပြည့်ပြီး အသက်(၅၅)နှစ်နှင့်အထက် အသက်(၆၀)ပြည့် အငြိမ်းစားကျောင်းအုပ်ဆရာမကြီးများနှင့် ဆရာကြီး ဆရာမကြီးများက မြတ်ဆရာ ပူဇော်ပွဲကို မတ် ၂ ရက် နံနက် ၈ နာရီခွဲတွင် အထက(၃) စမ်းချောင်း ခန်းမ၌ ကျင်းပမည်ဖြစ်၍ ၁၉၅၀ မှ ၂၀၀၃ ပညာသင်နှစ်အထိ ပညာသင်ကြားခဲ့သော ကျောင်းသားကျောင်းသူဟောင်းများ အားလုံး မပျက်မကွက် ကြွရောက်ကြရန် ဖိတ်ကြားထားသည်။ အလှူငွေများကို ဦးအေးသိန်း ဖုန်း–၅၀၄၈၀၈၊ ဦးကျော်ဆန်းရွှေ ဖုန်း–၀၉–၉၉၂၆၀၈၇၊ ဒေါ်ကြည်ကြည်ထွေး ဖုန်း–၅၀၄၆၆၈၊ ဦးခင်မောင်ဝင်း(ရုံး)ဖုန်း–၅၁၀၆၈၉၊ ဆရာရွှေဇီဝ ဖုန်း–၅၁၀၅၁၇၊ ဦးခင်ဝင်း ဖုန်း–၅၃၉၈၄၆၊ ဒေါ်သီသီရွှေ ဖုန်း–၅၁၀၆၄၆၊ ဒေါ်စန်းစန်းတင့် ဖုန်း–၅၂၆၇၄၂တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

အိုင်တီပညာဖွံ့ဖြိုးရေး သတင်းလွှာထုတ်ဝေ

ရန်ကုန် ဖေဖော်ဝါရီ ၆

မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း (MCSA)မှ ITပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် MCSA Newsletter သတင်းလွှာကို သုံးလလျှင် တစ်ကြိမ် အပတ်စဉ် ထုတ်ဝေလျက် ရှိသည်။ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းမှ အသင်းဝင်များအတွက် အခမဲ့ဖြန့်ချိရန် ရည်ရွယ်၍ နည်းပညာ သတင်းဆောင်းပါးများ၊ အသင်း၏ လှုပ်ရှားမှုများ၊ ဟောပြောပွဲ အစီအစဉ်များ၊ သတင်းဓာတ်ပုံများ စသည်တို့ စုံစုံလင်လင် ပါဝင်သည့် ဇန်နဝါရီလထုတ် MCSA Newsletter ထွက်ရှိပြီး ဖြစ်ပါသဖြင့် MCSAအသင်းဝင်များသည် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင် အသင်းရုံးခန်း MICT Park တွင် အခမဲ့ လာရောက် ထုတ်ယူနိုင်ကြောင်း သိရသည်။ **(က–ပ)**

အောင်ဆန်းဆရာတော်၏ မိုးကုတ်ဝိပဿနာတရားပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၆

အင်းစိန်မြို့နယ် အောင်ဆန်း မိုးကုတ်ဝိပဿနာဓမ္မရိပ်သာတောရ တပ်ဦးကျောင်းတိုက် ပဓာနနာယက မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ သဒ္ဓမ္မ ကိတ္တိသာရဆရာတော်သည် အင်းစိန်မြို့နယ် အရှေ့ကြို့ကုန်းရပ်ကွက်ရှိ သီရိရတနာဓမ္မာရုံကြီးတွင် ဖေဖော်ဝါရီ ၇ရက်(စနေနေ့)မှ ၁၁ရက်(ဗုဒ္ဓဟူးနေ့) ထိ ငါးရက်တိုင်တိုင် ညစဉ် ၇နာရီမှ ၈နာရီထိ မိုးကုတ်ဆရာတော်ကြီး၏ နိဿယအတိုင်း တရားတော်များ ဟောကြားပြသမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

ရွှေစာရေးရေအားလျှပ်စစ်စီမံကိန်းဆောင်ရွက်ခြင်းဖြင့် လျှပ်စစ်ဓာတ်အားမဂ္ဂါဝပ် ၆၀၀ ကျော်ရရှိမည်

■ *ကျောဖုံးမှ*

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယ ဗိုလ်ချုပ်ကြီးရဲမြင့်နှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်စိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်မြတ်ဟိန်း၊ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေး နှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ဖေဖော်ဝါရီ ၃ ရက် ညနေပိုင်းတွင် ဘုတလင်မြို့နယ်နှင့် ကနီမြို့နယ် နယ်စပ် ချင်းတွင်းမြစ်၏ ရွှေစာရေးမြစ်ကျဉ်းနေရာသို့ ရောက်ရှိသည်။

ရှေ့ဦးစွာ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ရွှေစာရေး ရေအားလျှပ်စစ်စီမံကိန်း အကောင်အထည်ဖော်မည့် ချင်းတွင်းမြစ်၏ ရွှေစာရေး မြစ်ကျဉ်းနေရာကိုလည်းကောင်း၊ ချင်းတွင်းမြစ်၏ အနေအထားကို လည်းကောင်း ကြည့်ရှုကြသည်။

ရေအားလျှပ်စစ်ထုတ်ယူနိုင်

ထို့နောက် ရှင်းလင်းဆောင်၌ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်က ရှင်းလင်းတင်ပြရာ၌ မြန်မာနိုင်ငံတွင် ရေအားလျှပ်စစ် စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်သည့် ရေအရင်းအမြစ်များ များစွာရှိပါကြောင်း၊ ပဏာမလေ့လာတိုင်းတာမှုများအရ ရေအားလျှပ်စစ်ဓာတ်အား ပမာဏမဂ္ဂါဝပ် ၃၉၀၀၀ ကျော်သို့ ထုတ်ယူနိုင်ပါကြောင်း။

စစ်ကိုင်းတိုင်းအတွင်း၌ ရေအားလျှပ်စစ်စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်မည့်နေရာ ၂၁ ခု ရှိပြီး လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၂၄၀၀ ခန့် ထုတ်ယူရရှိနိုင်မည်ဖြစ်ပါကြောင်း။

ဤစီမံကိန်း ၂၁ ခုအနက် ၁ ဒသမ ၂၆ မဂ္ဂါဝပ်ထုတ်ယူရရှိသည့် ကလေးမြို့နယ်မှ ဇီးချောင်းရေအားလျှပ်စစ်စီမံကိန်း၊ ၁ ဒသမ ၀၅ မဂ္ဂါဝပ် ထုတ်ယူရရှိသည့် လဟယ်မြို့နယ်မှ လဟယ်ရေအားလျှပ်စစ်စီမံကိန်း၊ မဂ္ဂါဝပ် ၃၀ ထုတ်ယူရရှိသည့် ကျွန်းလှမြို့နယ်မှ သဖန်းဆိပ်ရေအားလျှပ်စစ်စီမံကိန်း တို့မှာ တည်ဆောက်ပြီးစီမံကိန်းများ ဖြစ်ပါကြောင်း။

မဂ္ဂါဝပ် ၁၂၀၀ ကျော်ရရှိမည်

ချင်းတွင်းမြစ်ဝှမ်းတစ်လျှောက်၌ ရေအားလျှပ်စစ်ထုတ်နိုင်သည့် ထမံသီ၊ ဟုမ္မလင်း၊ မော်လိုက်နှင့် ရွှေစာရေး စသည့်စီမံကိန်းများအနက် ထမံသီ ရေအားလျှပ်စစ်စီမံကိန်းမှာ ပဏာမ လေ့လာ တိုင်းတာထားမှုအရ မဂ္ဂါဝပ် ၁၂၀၀ ကျော်ရရှိမည့် စီမံကိန်း ဖြစ်ပါကြောင်း။

ထမံသီ ရေအားလျှပ်စစ်စီမံကိန်းသည် လျှပ်စစ်ဓာတ်အားပမာဏများ ပြားစွာထုတ်ယူရရှိမည် ဖြစ်သကဲ့သို့ တစ်ဖက်ကလည်း လုပ်ကိုင်ဆောင် ရွက်ရမည့်လုပ်ငန်းပမာဏကြီးမားပြီး ငွေကြေးများစွာ ရင်းနှီးမြှုပ်နှံဆောင် ရွက်ရမည့်စီမံကိန်းလည်းဖြစ်ပါကြောင်း။

တိုင်းတာမှုများဆောင်ရွက်နေ

ထမံသီ ရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် အိန္ဒိယနိုင်ငံနှင့်ပူးပေါင်း၍ လိုအပ်သော ပဏာမ စူးစမ်းလေ့လာတိုင်းတာမှု လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း။

ရွှေစာရေးရေအားလျှပ်စစ် စီမံကိန်းမှာ ပဏာမစူးစမ်းလေ့လာတိုင်းတာမှု များအရ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၆၀၀ ကျော် ထုတ်ယူရရှိမည့် စီမံကိန်း ဖြစ်ပါကြောင်း။

အသေးစိတ်ရှင်းလင်း

ချင်းတွင်းမြစ် မိုးရာသီရေလျှံမှုကို ထိန်းသိမ်းနိုင်ရန်၊ ရေကြောင်း သွားလာမှု လွယ်ကူချောမွေ့စေရန်၊ ရေအားဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပြီး နိုင်ငံတော်၏ ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးရန်ဟူသည့် ရည်ရွယ်ချက် များဖြင့် တင်ပြပါ ရေအားလျှပ်စစ်စီမံကိန်းများ ပါရှိသည့် ချင်းတွင်းမြစ်ဝှမ်း ဖွံ့ဖြိုးရေး စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်သွားရန် စီမံဆောင်ရွက် လျက်ရှိပါကြောင်းဖြင့် ရေအားလျှပ်စစ် စီမံကိန်းဆိုင်ရာများကို အသေးစိတ် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရေအားလျှပ်စစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကျော်က ရွှေစာရေး ရေအားလျှပ်စစ်စီမံကိန်းတွင် ရေအားလျှပ်စစ် ထုတ်ယူရရှိရန်၊ ချင်းတွင်းမြစ်ဖြတ် တမံတည်ဆောက်ရေးအတွက် စူးစမ်းလေ့လာထားသည့် နည်းလမ်းလေးသွယ်နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွှန့်တင်က ချင်းတွင်းမြစ်၏ ရေထုစီးနှုန်းနှင့် အနည်ထိုင်နှုန်း စသည့် ဇလဗေဒအခြေအနေ၊ ဘူမိဗေဒအခြေအနေ၊ ထမံသီ ရေအားလျှပ်စစ် ဆိုင်ရာ အချက်အလက်များ၊ ရွှေစာရေး ရေလှောင်တမံတည်ဆောက်နိုင်ရန် စူးစမ်းလေ့လာ တိုင်းတာခဲ့မှုများ၊ ရွှေစာရေး မြစ်ကျဉ်း၌ ချင်းတွင်း မြစ်ရေလွှဲ၍ တမံ တည်ဆောက်သွားနိုင်မည့် နည်းလမ်းများအလိုက် အကျိုးသက်ရောက်မှု များကို ရှင်းလင်းတင်ပြသည်။

မရှိမဖြစ်လိုအပ်

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက မှာကြားရာ တွင် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကိုတည်ဆောက်ရာ၌ လျှပ်စစ်ဓာတ် အားသည် မရှိမဖြစ်လိုအပ်လျက်ရှိကြောင်း။

မဂ္ဂါဝပ် ၂၀၀၀ကျော်ထုတ်လုပ်

နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေး အတွက်လက်ရှိဒုတိယကာလတိုငါးနှစ်စီမံကိန်းကာလအတွင်း လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၂၀၀၀ကျော်ထပ်မံ ထုတ်လုပ်ရန် မိမိတို့ကြိုးပမ်းလျက်ရှိကြောင်း။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် ဒေသအသီးသီး၌ ရေအားလျှပ်စစ် စီမံကိန်းများကို အကောင်အထည်ဖော်လျက်ရှိရာတွင် ချင်းတွင်းမြစ်ဝှမ်း၌ လည်းစီမံကိန်းများ အကောင်အထည်ဖော်နိုင်ရန် လေ့လာဆောင်ရွက်လျက် ရှိကြောင်း။

ချင်းတွင်းမြစ်ရေကို အသုံးချ၍ ဆောင်ရွက်နိုင်သည့် ရေအားလျှပ်စစ် စီမံကိန်းများဖြစ်သည့် ထမံသီရေအား လျှပ်စစ်စီမံကိန်း၊ ဟုမ္မလင်းရေအား လျှပ်စစ်စီမံကိန်း၊ မော်လိုက်ရေအား လျှပ်စစ်စီမံကိန်း၊ ရွှေစာရေးရေအား လျှပ်စစ်စီမံကိန်းတို့အနက် ရွှေစာရေး ရေအားလျှပ်စစ်စီမံကိန်းကို စတင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ရွှေစာရေးရေအားလျှပ်စစ်စီမံကိန်းကို မြန်မြန်ဆန်ဆန် အကောင် အထည်ဖော် ဆောင်ရွက်ပြီးစီးသည်နှင့်အမျှ နိုင်ငံတော်အတွက်၊ ပြည်သူများ အတွက် အကျိုးသက်ရောက်မှု မြန်မြန်ရရှိမှာဖြစ်ကြောင်း။

တစ်ပြိုင်တည်းဖော်ဆောင်

ထို့ကြောင့် ရွှေစာရေးရေအား လျှပ်စစ်စီမံကိန်းအတွက် လိုအပ်သည့် အသေးစိတ် လေ့လာတိုင်းတာမှုများကို ဆောင်ရွက်ရင်း တစ်ဖက်ကလည်း သေချာသည့် အင်ဂျင်နီယာလုပ်ငန်းများကို တစ်ပြိုင်တည်း အကောင် အထည်ဖော်သွားရန်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးသည် ရွှေစာရေးရေအား လျှပ်စစ်စီမံကိန်း အကောင်အထည်ဖော်ထားသည့်နေရာမှ စမ်းသပ် တူးဖော်ထား သည့် ကျောက်သားနမူနာများကို ကြည့်ရှုစစ်ဆေးသည်။

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ရွှေစာရေး ရေအား လျှပ်စစ်စီမံကိန်း ဆောင်ရွက်မည့် ဘုတလင်မြို့နယ် ရွှေစာရေးကျေးရွာသို့ ဖေဖော်ဝါရီ ၄ ရက် မွန်းလွဲပိုင်းတွင် ရဟတ်ယာဉ်များဖြင့် ထပ်မံရောက်ရှိကြသည်။

ရေထိန်းဂိတ်များတင်ပြ

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များအား ရှင်းလင်းဆောင်၌ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်နှင့် လယ်ယာစိုက်ပျိုးရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွှန့်တင်တို့က ရွှေစာရေး ရေအားလျှပ်စစ်စီမံကိန်း၏ အင်ဂျင်နီယာလုပ်ငန်းများ အခြေအနေ၊ ရေကြောင်းသွားလာမှုအတွက် ရေထိန်းဂိတ်ထားရှိနိုင်မည့် အခြေအနေတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေနှင့် တိုင်းမှူး ဗိုလ်ချုပ်သာအေးတို့က ချင်းတွင်းမြစ်အတွင်း ရေယာဉ်များသွားလာမှု၊ သစ်ဖောင်၊ ဝါးဖောင်များ မျှောချမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

စာမျက်နှာ ၄ ကော်လံ ၁

စစ်ကိုင်းတိုင်း မုံရွာခရိုင် ဘုတလင်မြို့နယ် ရွှေစာရေးကျေးရွာအနီး ချင်းတွင်းမြစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် ရွှေစာရေး ရေအား လျှပ်စစ်စီမံကိန်း ချင်းတွင်းမြစ်ကျဉ်းကို ရဟတ်ယာဉ်ပေါ်မှ တွေ့ရစဉ်။ (သတင်းစဉ်)

7-2 (3).p65 1 3/23/05, 1:35 PM

စာမျက်နှာ ၃ မှ

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက လိုအပ်သည်များ မှာကြားပြီး ရွှေစာရေးရေအားလျှပ်စစ်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည့် ချင်းတွင်းမြစ်၏ ရွှေစာရေး မြစ်ကျဉ်းနေရာကို ထပ်မံကြည့်ရှုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် စီမံကိန်းဆိုင်ရာ အဆောက်အအုံများ ဆောက်လုပ်နေမှုနှင့် ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

ရွှေစာရေး ရေအားလျှပ်စစ်စီမံကိန်းကို စစ်ကိုင်းတိုင်း မုံရွာခရိုင် မုံရွာမြို့ မြောက်ဘက် မိုင် ၂၀ခန့်အကွာ ဘုတလင်မြို့နယ် ရွှေစာရေးကျေးရွာအနီး ချင်းတွင်းမြစ်၏ ရွှေစာရေးမြစ်ကျဉ်း၌ အကောင်အထည်ဖော်သွားမည်ဖြစ်သည်။

ရွှေစာရေးရေအားလျှပ်စစ်စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၆၀၀ကျော် ရရှိမည်ဖြစ်သည်။

ပဏာမလေ့လာတိုင်းတာ

ထို့ပြင် ချင်းတွင်းမြစ်ဝှမ်းအတွင်းရှိ စိုက်ပျိုးနိုင်သောမြေဧကနှစ်သန်းခန့်အနက် ၂၅ရာခိုင်နှုန်းခန့်ကို တစ်နှစ်ပတ်လုံး ရေသွင်းစိုက်ပျိုးနိုင်စေမည်ဖြစ်ကြောင်း ပဏာမလေ့လာတိုင်းတာမှုများအရ သိရှိရသည်။

ပူးပေါင်းတာဝန်ယူ

ရွှေစာရေး ရေအားလျှပ်စစ်စီမံကိန်းကို လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းဦးစီးဌာနနှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်ဦးစီးဌာနတို့က ပူးပေါင်းတာဝန်ယူ တည်ဆောက်အကောင်အထည် ဖော်သွားမည်ဖြစ်သည်။

ရွှေစာရေး ရေအားလျှပ်စစ်စီမံကိန်းအတွက် အသေးစိတ်စူးစမ်းလေ့လာတိုင်းတာမှုများ ဆက်လက်ဆောင်ရွက်ရင်း အကြိုအင်ဂျင်နီယာလုပ်ငန်းများကို စတင်ဆောင်ရွက်နေပြီဖြစ်သည်။

(သတင်းစဉ်)

ဖေဖော်ဝါရီ ၃ရက်က နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး စစ်ကိုင်းတိုင်း ကလေးစက်မှုဇုန်တွင် ပြသထားသော စက်မှုဇုန်ထုတ်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်း-ရှေ့ဖုံး) (သတင်းစဉ်)

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုကြိုဆို

တို့များ အခိဋ္ဌာန်

★ ပြည်ထောင်စု မပြိုကွဲရေး
ကြိုအမြဲတွေးဧကန်၊
စည်းလုံးမှန် မပြိုကွဲရေးပ
ဖေးမတန်တန်။
အချုပ်အခြာ အာဏာတည်စိမ့်ရန်
ရည်စိတ်သန်ကြိုးစား၊
အမျိုးသားရေးမူဝါဒ ပန္နက်ခိုင်သည်
ချက်ပိုင်ပိုင် စောင့်ထိန်းစို့လား။

★ တိုင်းရင်းသား ညီနောင်ထု
ပြည်ထောင်စု စိတ်ဓာတ်မှန်၊
ထာဝစဉ် မြဲနိုးကြား
တိုးပွားရှင်သန်။
ပြည်ထောင်စုတည်တံ့ရန်
ရည်သန်ကာကြိုးစား၊
ပြည်တွင်းပြည်ပ အဖျက်ရန်ကို
လက်မခံ တိုက်ဖျက်စို့လား။

★ နိုင်ငံတော်ရှေ့ဆက်သွားမည့်
တော်တည့် ဖြောင့်မတ်မှန်၊
မူဝါဒ လမ်းစဉ် ခုနစ်ရပ်
ချမှတ် မှန်ကန်။
တိုင်းရင်းသား နည်းထုံးမှန်
စည်းလုံးပြန်ကြိုးစား၊
အေးချမ်းခေတ်မီ နိုင်ငံသစ်ဆီသို့
ပြိုင်စံလှစ်ချီတက်လှမ်းစို့လား။ ။

ဒေါက်တာသန်းဦး

တပ်မတော်ဆေးတပ်ဖွဲ့တွင်အသုံးပြုရန်သူနာတင်ယာဉ်လှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၆

ကိုရီးယားသမ္မတနိုင်ငံ Sos Dhehan Motors Co., Ltd. က တပ်မတော် ဆေးတပ်ဖွဲ့တွင် အသုံးပြုရန်အတွက် သူနာတင်ယာဉ်နှစ်စီး ပေးအပ်လှူဒါန်းခြင်း အခမ်းအနားကို ဖေဖော်ဝါရီ ၃ ရက် နံနက် ၉ နာရီတွင် တပ်မတော်အရိုးကုဆေးရုံကြီး (ခုတင်-၅၀၀)အစည်းအဝေးခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာန ဆေးဝန်ထမ်း ညွှန်ကြားရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးမြင့်မောင်၊ အမှတ်(၂) တပ်မတော်ဆေးရုံ (ခုတင်-၅၀၀) တပ်မှူး ဗိုလ်မှူးချုပ်မင်းနိုင်၊ တပ်မတော်အရိုးကုဆေးရုံ(ခုတင်-၅၀၀)တပ်မှူး ဒုတိယဗိုလ်မှူးကြီးထွန်းထွန်းနှင့် တာဝန်ရှိသူများ၊ အရိုးရောဂါအထူးကုပါရဂူများ၊ ဆရာဝန်များ၊ ဆေးမှူးများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ကိုရီးယားသမ္မတနိုင်ငံ Sos Dhehan Motors Co., Ltd. မှ မန်နေဂျင်းဒါရိုက်တာ Mr. Kim Sun In နှင့် ဒါရိုက်တာဦးအေးကိုတို့က သူနာတင်ယာဉ်နှစ် စီးလှူဒါန်းရခြင်းအကြောင်း ရှင်းလင်းပြောကြားပြီးယာဉ်များနှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို ပေးအပ်ရာ တပ်မတော်ဆေးတပ်ဖွဲ့ ကိုယ်စား ဆေးဝန်ထမ်း ညွှန်ကြားရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးမြင့်မောင်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ အလှူရှင်များအား ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ယင်းနောက် အဆိုပါ သူနာတင်ယာဉ် နှစ်စီးအား ဒုတိယညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးမြင့်မောင်က အမှတ်(၂) တပ်မတော်ဆေးရုံကြီး (ခုတင်-၅၀၀) နှင့် တပ်မတော်အရိုးကုဆေးရုံကြီး (ခုတင်-၅၀၀)တို့သို့ ယာဉ်တစ်စီးစီ ပြန်လည်လွှဲပြောင်းပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုအလံတော်သယ်ယူရေး ဝတ်စုံပြည့်အစမ်းလေ့ကျင့်မှု တိုင်းမှူးစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၆

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး အလံတော်သယ်ယူရေး၊ မြေစိုက်ပိုစတာနှင့် ပြည်နယ်အထိမ်းအမှတ် သင်္ကေတများ စိုက်ထူရေး ဆပ်ကော်မတီက ပြည်ထောင်စုအလံတော်သယ်ယူရေး ဝတ်စုံပြည့် အစမ်းလေ့ကျင့်မှုကို ယနေ့နံနက်ပိုင်းတွင်ပြုလုပ်ရာ (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

အစမ်းလေ့ကျင့်

ပြည်ထောင်စုအလံတော် သယ်ယူရေး ဝတ်စုံပြည့်အစမ်းလေ့ကျင့်ရာသို့ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး၊ အလံတော်သယ်ယူရေး၊ မြေစိုက်ပိုစတာနှင့် ပြည်နယ်အထိမ်းအမှတ်သင်္ကေတများ စိုက်ထူရေး ဆပ်ကော်မတီဥက္ကဋ္ဌ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဗိုလ်မှူးကြီးမြင့်အောင်နှင့် ဆပ်ကော်မတီဝင်များ၊ သက်ဆိုင်ရာမြို့နယ်များမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ရန်ကုန်တိုင်းအတွင်းရှိ ခရိုင်လေးခရိုင်မှ သတ်မှတ်မြို့နယ်များသို့ အလံတော် သယ်ယူရေး ဝတ်စုံပြည့် အစမ်းလေ့ကျင့်ကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်အစိုးရဌာနပိုင်မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်မှအပ မော်တော်ယာဉ်မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၄ ခုနှစ် ဖေဖော်ဝါရီလအတွက်
(၈-၂-၂၀၀၄)ရက်နေ့
နှင့်
(၂၉-၂-၂၀၀၄)ရက်နေ့

တိမ်အသင့်အတင့်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ကန်တပ်ဖွဲ့က စိန်ပြောင်းဖြင့်ပစ်ခတ်သဖြင့် အီရတ်ကလေးတစ်ဦးသေဆုံး လျော်ကြေးပေးမည်ဆိုသော်လည်း မိသားစုကတရားစွဲမည်

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၄

အီရတ်တွင် အမေရိကန်သမ္မတက စစ်ပွဲပြီးဆုံးသွားပြီဟု ကြေညာခဲ့ပြီး နောက်ပိုင်းတွင် အသေခံဗုံးနှစ်လုံးဆက်တိုက် ဖောက်ခွဲတိုက်ခိုက်ခဲ့သည့်အဖြစ်ကြောင့် သေဆုံးသူအရေအတွက်မှာ တစ်ရာကျော်သွားပြီဖြစ်သည်။ ထိုအခိုက်မှာပင် အမေရိကန်စစ်တပ်သည် ကလေးငယ်တစ်ဦးကို ပစ်ခတ်မိခဲ့သည့်အတွက် သေဆုံးရသောကိစ္စကို တောင်းပန်ကြောင်း သတင်းများလည်း ထွက်ပေါ်လာသည်။

အီရတ်နိုင်ငံမြောက်ပိုင်း ရေနံမြို့ ကယ်ကွတ်တွင် မွတ်စလင်များအတွက် အဓိကဘာသာရေးအားလပ်ရက်၌ မိသားစုတစ်စုအနားယူနေကြသည်။ ထိုနေရာသို့ အမေရိကန်များပစ်ခတ်လိုက်သည့် စိန်ပြောင်းကျည်ကျရောက် ပေါက်ကွဲခဲ့ရာ အီရတ်ယောကျ်ားကလေးတစ်ဦးသေဆုံးရသည့်အဖြစ် တစ်ရပ်ဖြစ်ပွားခဲ့သည်။ ထိုကလေးသေဆုံးရသည့် ကိစ္စတွင် မိမိတပ်ဖွဲ့၌ တာဝန်ရှိကြောင်းကို ဗိုလ်မှူးကြီးဝီလျမ် မေဘယ်လီက ဝန်ခံပြောကြားခဲ့သည်။

အမိန့်ပေးထား

ထိုစိန်ပြောင်းဗုံးသီးပေါက်ကွဲမှုကြောင့် သေဆုံးသူကလေး၏မိခင်နှင့်အခြားညီအစ်ကိုနှစ်ဦးတို့လည်း ဒဏ်ရာအသီးသီးရရှိသွားကြသည်။ အထက်ပါကိစ္စနှင့်ပတ်သက်သည့် အစည်းအဝေးတစ်ရပ်ကို ဗိုလ်မှူးကြီးမေဘယ်လီနှင့် ဒေသဆိုင်ရာ အာဏာပိုင်များ တက်ရောက်ဆွေးနွေးခဲ့ကြသည်။ ထိုအစည်းအဝေးသို့အေအက်ဖ် ပီသတင်းထောက်လည်း သွားရောက်ခဲ့သည်ဟုဆိုသည်။ ထိုအစည်းအဝေးတွင် မေဘယ်လီကစိန်ပြောင်း ထိမှန်သည့်အဖြစ်အပျက်ကို စုံစမ်းဖော်ထုတ်ရန် အမိန့်ပေးထားပြီးဖြစ်ကြောင်း အသိပေးပြောကြားခဲ့သည်။

ပြောကြား

အမေရိကန်တပ်ဖွဲ့များက အီရတ်မိသားစု အနားယူနေသောနေရာတွင်ခုခံ တိုက်ခိုက်ရေးသမားများ ရောက်ရှိနေသည်ဟု ယူဆ၍ပစ်ခတ် ခဲ့ကြခြင်းဖြစ်သည်။ ယခုကဲ့သို့ သေဆုံးခဲ့ရသည်အထိ မှားယွင်းခဲ့ရသော ကိစ္စအတွက် ကျူးလွန်ခဲ့ကြသူများအပေါ်တွင် တာဝန်ရှိစေရမည်ဟု ၎င်းက ပြောကြားခဲ့သည်ဟုဆိုသည်။

သေဆုံးရသူကိုးနှစ်သားကလေးငယ်အတွက် လျော်ကြေးအမေရိကန်ဒေါ်လာ ၂၅၀၀နှင့် ဒဏ်ရာရသူတစ်ဦးစီအတွက် လျော်ကြေးငွေ ဒေါ်လာ ၁၅၀၀စီအသီးသီးပေးရန် အမိန့်ပေးထားပြီးဖြစ်ကြောင်းမေဘယ်လီကပြောကြားသည်။ထိုလျော်ကြေးငွေမှာ ပူဆွေးနေရသော မိသားစုအတွက် ဖြေသိမ့်နိုင်စရာမရှိသောကြောင့် အလျော်ရလိုမှုဖြင့် ကယ်ကွတ် တရားရုံး၌ တရားစွဲသွားမည်ဖြစ်ကြောင်း အေအက်ဖ်ပီသတင်းဌာနသို့ ပြောကြားကြောင်းသိရသည်။ **(အင်တာနက်)**

မကျေနပ်ချက်များပြောကြား

ဖေဖော်ဝါရီ ၅ ရက်က ဘာဆာရာမြို့၌ ဗြိတိသျှတပ်ဖွဲ့ဝင်များအား မကျေနပ်ချက်များကို ပြောကြားနေသော အီရတ်တို့ကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အစိုးရ၌ အပြစ်မရှိကြောင်းဆုံးဖြတ်၍ အမတ်များမကျေနပ်ကြ အီရတ်လက်နက်ကိစ္စစွပ်စွဲချက် ဘလဲမည်သည့်အခါကမျှမဖြေရှင်းခဲ့

လန်ဒန် ဖေဖော်ဝါရီ ၅

ဗြိတိန်ဝန်ကြီးချုပ် တိုနီဘလဲသည် အီရတ်လက်နက်များဆိုင်ရာ ထောက်လှမ်းရေးသတင်းအချက်အလက်များအား စုံစမ်းစစ်ဆေးမှုပြုလုပ်ရန် ကော်မရှင်တစ်ရပ်ဖွဲ့စည်းခဲ့ရသည်။

ပါလီမန် အစည်းအဝေး၌ ယင်းကော်မရှင်သည် စစ်ပွဲမတိုင်မီ ထောက်လှမ်းရေး သတင်းအချက်အလက်များကိုသာ အာရုံစိုက် စုံစမ်းမည်ဖြစ်ပြီး စစ်ဆင်နွှဲရန် ဆုံးဖြတ်ချက်မှန်ကန်ကြောင်း တိုနီဘလဲက ကာကွယ်ပြောကြားခဲ့သည်။ စစ်ပွဲမတိုင်မီ ရရှိသော ထောက်လှမ်းရေးအချက်အလက်များအား အစိုးရက မည်သို့မည်ပုံသုံးသပ်ဆောင်ရွက်ခဲ့ခြင်းနှင့် အဆိုပါ အချက်အလက်များ၏ ခိုင်မာမှုကို စုံစမ်းရန် ပါလီမန်အမတ်များက လိုလားကြသည်။

မကျေနပ်

ထို့အပြင် ဟက်တွန်အစီရင်ခံစာသည် အစိုးရအပေါ် စွပ်စွဲထားသော အချက်များနှင့်ပတ်သက်ပြီး အပြစ်မရှိကြောင်း ဆုံးဖြတ်ခဲ့ခြင်းကြောင့်ဥပဒေပြုအမတ်များက မကျေမနပ်ဖြစ်ခဲ့ကြသည်။ ယခု စုံစမ်းမှုသည်လည်း အီရတ်စစ်ပွဲဆင်နွှဲမှု မှန်ကန်မှုရှိမရှိ မေးခွန်းထုတ်လိုက်ကြပြီး တိုနီဘလဲက ထောက်လှမ်းရေး သတင်းများ မှန်မမှန်ကိုသာ စစ်ဆေးရမည်ဟု ကန့်သတ်ချက်အပေါ် မကျေမနပ်ဘဲရှိသည်။

အမြဲရှောင်လွှဲ

ကွန်ဆာဗေးတစ်ပါတီခေါင်းဆောင် မိုက်ကယ်ဟောင်းဝပ်ကသမ္မတဟောင်းဆက်ဒမ်ဟူစိန်၌ အစွမ်းထက်လက်နက်များရှိသည်ဆိုသော စွပ်စွဲချက်ကို ဝန်ကြီးချုပ် တိုနီဘလဲအနေဖြင့် မည်သည့်အခါကမျှ ဖြေရှင်းခြင်းမပြုခဲ့ကြောင်းစွပ်စွဲလိုက်သည်။ အဆိုပါ မေးခွန်းများကဲ့သို့ ခက်ခဲသော မေးခွန်းများကို ဗြိတိန်ဝန်ကြီးချုပ်က ဖြေကြားခြင်းမပြုဘဲ အမြဲရှောင်လွှဲနေခဲ့သည်ဟု ဆိုသည်။ **(စီအင်န်အင်န်)**

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ဟတ်တန်အစီရင်ခံစာကို အချေအတင်ဆွေးနွေးမှု ဆန္ဒပြမှုများကြောင့် ဆိုင်းငံ့လိုက်ရ

လန်ဒန် ဖေဖော်ဝါရီ ၅

ဗြိတိသျှ ကာကွယ်ရေးဝန်ကြီးဌာနမှ လက်နက်ပါရဂူ ဒေါက်တာဒေးဗစ်ကယ်လီ မိမိကိုယ်မိမိ အဆုံးစီရင်ခဲ့မှုနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးခဲ့သော တရားသူကြီးလော့ဒ်ဟတ်တန်၏ အစီရင်ခံစာကို ဖေဖော်ဝါရီ ၄ရက်က အချေအတင်ဆွေးနွေးရန်ရှိသော်လည်း စစ်ဆန့်ကျင်ရေး ဆန္ဒပြမှုများကြောင့် ဆွေးနွေးမှုကို အောက်လွှတ်တော်အမတ်များက ဆိုင်းငံ့ထားလိုက်ရသည်။

ဗြိတိသျှအောက်လွှတ်တော်တွင် အချေအတင်ဆွေးနွေးပွဲ စတင်ပြုလုပ်ရာတွင် အောက်လွှတ်တော်ရှိ အများပြည်သူလူထု လေ့လာကြည့်ရှုနိုင်သောနေရာတွင် ရှိနေသူများက ဆန္ဒပြသည့်အနေဖြင့် အော်ဟစ်ခဲ့ကြရာ ဆွေးနွေးကျင်းပမှုကို ခေတ္တဆိုင်းငံ့ထားလိုက်ရသည်။

ထိုစဉ်အတွင်း ကာကွယ်ရေးဆိုင်ရာ ထောက်လှမ်းရေးဝန်ထမ်းသိပ္ပံမှ အထက်တန်းအရာရှိဟောင်းတစ်ဦးက ပြောကြားရာတွင် ဟတ်တန်၏ စုံစမ်းစစ်ဆေးမှုနှင့်ပတ်သက်၍ မိမိစိုးရိမ်ပူပန်မိသည်ဟု ဆိုသည်။ အီရတ်နိုင်ငံ၏ ဓာတုနှင့်ဇီဝလက်နက်များ ခြိမ်းခြောက်မှုအန္တရာယ်ကို သုံးသပ်လေ့လာရာတွင် သေချာဂဏစွာစိစစ်ရန် လိုအပ်သည်ဆိုသောအချက်မှာ မိမိတို့၏ တူညီသော ရှုမြင်ချက်ပင်ဖြစ်ကြောင်း ဒေါက်တာဘရီယန်ဂျုံးက ပြောကြားသည်။ ဒေါက်တာဂျုံးသည် ကာကွယ်ရေးဆိုင်ရာထောက်လှမ်းရေးဝန်ထမ်း သိပ္ပံတွင်နျူကလီးယား၊ ဓာတုနှင့် ဇီဝလက်နက်များဆိုင်ရာဌာန၏ အကြီးအကဲဟောင်းဖြစ်သည်။ **(အင်တာနက်)**

အာဘီလ်မြို့၌ ဗုံးဖောက်ခွဲတိုက်ခိုက်မှု အမေရိကန်တို့နှင့်ပူးပေါင်း၍ တိုက်ခိုက်ခြင်းဖြစ်ဟုဆို

အာဘီလ် ဖေဖော်ဝါရီ ၅

အီရတ်နိုင်ငံမြောက်ပိုင်း၊ အာဘီးလ်မြို့၌ ပြီးခဲ့သောတနင်္ဂနွေနေ့က အသေခံဗုံးခွဲမှုကြောင့် လူတစ်ရာကျော် သေဆုံးခဲ့ရသည်။ အဆိုပါ အသေခံဗုံးခွဲမှုများသည် ၎င်းတို့၏ လက်ချက်ဖြစ်ကြောင်း အန်ဆာအာဆွန်နာခေါ် အုပ်စုတစ်စုက အင်တာနက်မှတစ်ဆင့် ထုတ်ဖော်ပြောကြားသည်။

ပြောကြား

ဗုံးခွဲခံရသော ကာ့ဒ်ပါတီအုပ်စု နှစ်စုသည် အမေရိကန်တို့အတွက် ပူးပေါင်းဆောင်ရွက်သည့်အတွက် ယခုကဲ့သို့ တိုက်ခိုက်မှုမျိုးလုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း အဆိုပါအဖွဲ့က ထုတ်ဖော်ပြောကြားသည်။ **(အင်န်အိပ်ချ်ကေ)**

ဖေဖော်ဝါရီ ၅ ရက်ညက တီကရစ်မြို့တွင် အမေရိကန် တပ်ဖွဲ့ဝင်များက အိမ်များအတွင်းဝင်ရောက်စီးနင်းရှာဖွေပြီး သံသယရှိသည့် အီရတ်တစ်ဦးကို ဖမ်းဆီးထားစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အင်္ဂါဂြိုဟ်၌ ဟေမတိုက်သံရိုင်းခဲတွင်မြင့်မား ရေရှိနိုင်သည်ဟု ယူဆရဖွယ်

ကိုလံဘီယာ ဖေဖော်ဝါရီ ၅

နာဆာ၏အော့ပိုကျူနီတီဂြိုဟ် ဆင်းယာဥ်သည် အင်္ဂါဂြိုဟ်၏ ရေရှိနိုင်သော ကျောက်သားဖွဲ့စည်းမှုများဆီသို့ ခရီးဆက်ရန် အသင့်ရှိနေပြီဖြစ်သည်။ အင်္ဂါဂြိုဟ်မျက်နှာပြင်၏ ဒြပ်ဖွဲ့စည်းမှုမြေပုံကို နာဆာသုတေသီများက ဗုဒ္ဓဟူးနေ့၌ ထုတ်ပြန်ခဲ့သည်။

ပြောကြား

အဆိုပါ မြေပုံအရ ဟေမတိုက် သံရိုင်းခဲတွင်မြင့်မားစွာ ပါရှိနေကြောင်း ပြသချက်သည် အင်္ဂါဂြိုဟ်တွင် ရေရှိနိုင်သည်ဟု ယူဆရဖွယ်ရှိနေပါသည်။ အဆိုပါ ရေရရှိနိုင် ကြောင်း ဘူမိသက်သေပြချက်အရ တစ်ချိန်က သို့မဟုတ် ယခုတိုင် အင်္ဂါဂြိုဟ်၌ သက်ရှိများရှိနေနိုင်သည်ဆိုသော အထောက်အထားဖြစ်ကြောင်း နာဆာကပြောကြားခဲ့သည်။ **(စီစီတီဗွီ)**

ပြန်လည်ထူထောင်ရေးကူညီရန် ပူးတွဲကော်မတီဖွဲ့မည်

ပါရီ ဖေဖော်ဝါရီ ၅

အီရတ်ပြန်လည်တည်ဆောက်ရေး၌ ပါဝင်ကူညီရန်အတွက် ပူးတွဲကော်မတီတစ်ရပ် ဖွဲ့စည်းဆောင်ရွက်ကြရန် ဂျပန်၊ ဂျာမနီနှင့်ပြင်သစ် နိုင်ငံတို့ သဘောတူလိုက်ပြီဖြစ်သည်။ ဂျာမနီနှင့်ပြင်သစ်ရှိ ထိပ်တန်းအာဏာပိုင်များနှင့်တွေ့ဆုံဆွေးနွေးအပြီး အဆိုပါ သဘောတူညီချက်ရရှိကြောင်း ဂျပန်ဝန်ကြီးချုပ်၏ အကြံပေးပုဂ္ဂိုလ်က ဘာလင်မြို့တွင် အင်္ဂါနေ့က ပြောကြားခဲ့သည်။ ထိုသို့ဆောင်ရွက်ရာ၌ မလိုလားအပ်သောအချက်များကို ရှောင်ရှားနိုင်ရန် သတင်းအချက် အလက်များဖလှယ်ပြီး ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။ ထို့အပြင်အီရတ်ဆရာဝန်များအားလေ့ကျင့်သင်ကြားပေးရန်အတွက် ဂျော်ဒန်နိုင်ငံအာမန်မြို့၌ သုံးနိုင်ငံပူးတွဲကော်မရှင်တစ်ရပ် ထူထောင်ဆောင်ရွက်သွားရန်လည်း သဘောတူညီခဲ့ကြောင်းသိရသည်။ **(အင်အိပ်ချ်ကေ)**

7-2 (5).p65 1 3/23/05, 1:35 PM

အမေရိကန်နှင့်အပေါင်းပါတို့၏ကျူးကျော်မှုအောက်မှ အီရတ်မြင်ကွင်း

အီရတ်ပြောက်ကျားတို့၏ခုခံတိုက်ခိုက်မှုများကြောင့် အမေရိကန်နှင့်အပေါင်းပါတပ်များ အသေအပျောက်အများဆုံးတိုက်ခိုက်ခံရမှုများ

၂၀၀၃ခုနှစ်မတ်လ၂၀ ရက်မှစခဲ့သော အီရတ်စစ်ပွဲတွင် ပြောက်ကျားများ၏ တိုက်ခိုက်မှုကြောင့် အီရတ်၌သေဆုံး၊ ဒဏ်ရာရရှိသော အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များ၏ အရေအတွက်သည် တစ်နေ့တခြားများပြားလာလျက်ရှိသည်။ ကျူးကျော်တပ်ဖွဲ့ဝင်များအနေဖြင့် မိမိအတွက် ကျည်ဆန်ဘယ်နေရာကလာမည်မသိဘဲရှိရာ စိတ်ဓာတ်ချောက်ချားနေကြရသည်။

ယင်းသို့ စိတ်ဓာတ်ချောက်ချားမှုကြောင့် အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များအတွင်း ကိုယ့်ကိုယ်ကိုသတ်သေသော တပ်ဖွဲ့ဝင်များ၏ အရေအတွက်မှာလည်း ပိုမိုများပြားလာလျက်ရှိသည်။ ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီ ၄ ရက်နေ့အထိ အမေရိကန်တပ်ဖွဲ့ဝင်များ အီရတ်၌သေဆုံးမှုမှာ ၅၂၈ ဦးအထိ ရှိသွားပြီဖြစ်သည်။



ဇန်နဝါရီ ၂၁ ရက်က ဘဂ္ဂဒက်ရှိ အမေရိကန်စစ်ဌာနချုပ်ရုံးကို ပြောက်ကျားများက ဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်သဖြင့် ဒဏ်ရာရသွားသည့် အမေရိကန်တပ်ဖွဲ့ဝင်များကို သယ်ဆောင်လာစဉ်။
(ဓာတ်ပုံ-အင်တာနက်)

၂၀၀၃ ခုနှစ် ဇူလိုင် ၁၆ ရက်က အဘူဂျာဟက်မြို့အနီး၌ အမေရိကန် စစ်ယာဉ်တန်းကို အီရတ်ပြောက်ကျားတို့က တိုက်ခိုက်သဖြင့် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိခဲ့စဉ်။
(ဓာတ်ပုံ-အင်တာနက်)

၂၀၀၃ ခုနှစ် မေ ၂၆ ရက်က ဘဂ္ဂဒက်လေဆိပ်သို့သွားရာ လမ်းမကြီး၌ ပြောက်ကျားတို့က ချုံခိုတိုက်ခိုက်သဖြင့် အမေရိကန် ဟမ်းဗီးယာဉ်တစ်စီး မီးလောင်ခဲ့စဉ်။ (ယင်းတိုက်ခိုက်မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင် လေးဦး သေဆုံးခဲ့သည်။)
(ဓာတ်ပုံ-အင်တာနက်)

၂၀၀၃ ခုနှစ် နိုဝင်ဘာ ၂ ရက်က အီရတ်နိုင်ငံ ဖော်လူဂျာမြို့အနီး၌ ရဟတ်ယာဉ် တစ်စင်းကို အီရတ် ပြောက်ကျားတို့က ပစ်ချခဲ့ရာ ဒဏ်ရာရရှိခဲ့သော အမေရိကန် တပ်ဖွဲ့ဝင်များကို ဂျာမနီနိုင်ငံတွင် ဆေးကုသရန် သယ်ယူပို့ဆောင်စဉ်။
(ဓာတ်ပုံ-အင်တာနက်)

အီရတ်ပြောက်ကျားတို့၏ခုခံတိုက်ခိုက်မှုများကြောင့် အမေရိကန်နှင့်အပေါင်းပါတပ်များ အသေအပျောက် အများဆုံးတိုက်ခိုက်ခံရမှုများ

ရက်စွဲ	နေရာ	ဖြစ်ရပ်	အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ သေဆုံးသူဦးရေ
၂၁-၃-၂၀၀၃	ကူဝိတ်နယ်စပ်	ရဟတ်ယာဉ်ပျက်	၁၂
၂၃-၃-၂၀၀၃	နာဆရီယာ	ချုံခိုတိုက်ခိုက်ခံရ	၂၈
၃-၄-၂၀၀၃	-	တိုက်ပွဲ	၁၁
၇-၄-၂၀၀၃	-	။	၁၈
၂၄-၆-၂၀၀၃	အီရတ်တောင်ပိုင်း	တိုက်ပွဲနှင့်ချုံခို	၆
၁၂-၉-၂၀၀၃	-	မှားပစ်	၈
၂-၁၁-၂၀၀၃	ဘဂ္ဂဒက်အနောက်ပိုင်း	ရဟတ်ယာဉ် ပစ်ချခံရ	၁၅
၇-၁၁-၂၀၀၃	-	ရဟတ်ယာဉ် ပစ်ချခံရ	၆
၁၂-၁၁-၂၀၀၃	နာဆရီယာအီတလီရဲစခန်း	ကားဗုံးခွဲ	၁၉
၁၅-၁၁-၂၀၀၃	မိုဆူးလ်	ဘလက်ဟော့ခ်ယာဉ် နှစ်စင်း ပစ်ချခံရ	၁၇
၁၇-၁-၂၀၀၄	ဘဂ္ဂဒက်အနီး	လမ်းဘေးဗုံး	၅
		စုစုပေါင်း	၁၄၅

(၁၇)နှစ်မြောက် ပြည်ထောင်စုနေ့ဂုဏ်ပြုကြိုဆို

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီလက်ထက် တနင်္သာရီတိုင်း၏ ဖွံ့ဖြိုးတိုးတက်မှု မြင်ကွင်း

ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍ	၁၉၈၈	၂၀၀၄
စိုက်ပျိုးရေး		
တနှစ်စိုက်ပျိုးမြေဧက	၄၆၈၀၀၀	၆၇၀၀၀၀
ဆီအုန်းဧက	–	၁၁၀၀၀၀
ရော်ဘာဧက	–	၁၀၄၀၀၀
တာတမံ	၁၄	၁၃၄
ရေလှဲဆည်	–	၁၃
မွေးမြူရေး		
(သား/ငါး တစ်နှစ်တန်ချိန်)	–	၅၀၀၀၀၀
ပုလဲမွေးမြူရေး	မိုမီ ၇၃၀၀	မိုမီ ၇၂၀၀၀
လမ်းပန်းဆက်သွယ်ရေး		
ကားလမ်းမိုင်	၃၆၃	၆၃၄
တံတား	၁	၆
သင်္ဘောဆိပ်	၁၀	၁၂
ဆက်သွယ်ရေး		
တယ်လီဖုန်းအိတ်ချိန်း	၆	၁၈
ရေဒီယိုတယ်လီဖုန်း	–	၅၀
မိုက်ကရိုဝေ့ဗ်	၁	၂
ဂြိုဟ်တုဆက်သွယ်ရေးစခန်း	–	၂
ကိုယ်ပိုင်သုံးတယ်လီဖုန်း	၄၆၃	၃၉၅၁
အများပြည်သူသုံးတယ်လီဖုန်း	၄	၂၄

ပြည်ထောင်စုတစ်ဝန်း လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များ တည်ဆောက် ဖွင့်လှစ်ပေးခဲ့သည့်အနက် တနင်္သာရီတိုင်း မြိတ်မြို့ရှိ မြိတ်ဒီဂရီကောလိပ်ကို တွေ့ရစဉ်။

ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍ	၁၉၈၈	၂၀၀၄
လျှပ်စစ်ဓာတ်အား		
ရေအားလျှပ်စစ်	၂	၆
ဒီဇယ်လျှပ်စစ်	၂၄	၃၄
ပြန်ကြားရေး		
မြန်မာ့အလင်း/ကြေးမုံ (ကိုယ်ပွားသတင်းစာတိုက်၊ မြိတ်)	–	တည်ဆောက်ဆဲ
ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ	–	၁၀
ပြန်/ဆက်ရုံး	–	၁၀
စာကြည့်တိုက်	–	၁၀
ပညာရေး		
တက္ကသိုလ်	–	၂
ကောလိပ်	၁	၅
အထက်တန်းကျောင်း	၂၃	၃၃
အလယ်တန်းကျောင်း	၄၇	၅၇
မူလတန်းကျောင်း	၈၉၄	၁၀၁၀
ကျန်းမာရေး		
ဆေးရုံ	၉	၁၀
တိုက်နယ်ဆေးရုံ	၈	၁၃
တိုင်းရင်းဆေးရုံ	–	၁
တိုင်းရင်းဆေးခန်း	၂	၇





တနင်္သာရီတိုင်း မြိတ်မြို့ရှိ ခုတင်(၂၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံသစ်ကြီးကို တွေ့ရစဉ်။

၂၀၀၃ ခုနှစ် အောက်တိုဘာ ၂၆ရက်က ဖွင့်လှစ်ခဲ့သည့် ကျွဲကူး-ကျောက်ဖျာတံတားသည် မြိတ်-ထားဝယ်ကားလမ်းပေါ်၌တည်ရှိပြီး တံတား အရှည်မှာ ၃၆၁၂ ပေရှိသည်။ ယာဉ်သွားလမ်းအကျယ်မှာ ၂၈ ပေဖြစ်ပြီး တစ်ဖက်လျှင် ခြောက်ပေစီရှိသည့် လူသွား လမ်းပါရှိသည်။ ခွင့်ပြု ယာဉ်အလေးချိန်မှာ ယာဉ်တစ်စီးချင်း တန် ၆၀ ဖြစ်သည်။

(ဓာတ်ပုံ - ထွေးကြည်၊ မြန်မာ့အလင်း)

စည်းလုံးချစ်ကြည် ရွှေပြည်သစ်ဆီသို့

ထို့အတူပင် အာဖရိကအလယ်ပိုင်း ရဝမ်ဒါနိုင်ငံတွင် တွတ်စီလူမျိုးစုနှင့် ဟူတူလူမျိုးစုတို့၏ လက်နက်ကိုင် ပဋိပက္ခပြည်တွင်းစစ်ဖြစ်ပွားခဲ့ရာ ပြည်သူနှစ်သိန်းမှငါးသိန်းအထိ သေကျေပျက်စီးခဲ့သည်။ ရဝမ်ဒါနိုင်ငံ၏ ကမ်ဂီဝါ မြစ်ထဲတွင် ထောင်ချီသောလူသေအလောင်းများ မျောပါလာခဲ့သဖြင့် အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုများရှိခဲ့သည်ဟု ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးမှ ကြေညာခဲ့သည်။

အာဖဂန်နစ္စတန် ပြည်တွင်းစစ်ကြောင့် လူပေါင်း ၁၄၀၀၀ကျော် သေဆုံးခဲ့ရသည့်အပြင် အမေရိကန်နှင့်မဟာမိတ်တပ်များက အိုစမာဘင်လာဒင်အား အာဖဂန်နစ္စတန် နိုင်ငံတွင် ရှာဖွေရေးကို အကြောင်းပြုပြီး ဝင်ရောက်တိုက်ခိုက်ခဲ့ရာ တာလီဘန်အစိုးရ ပြုတ်ကျခဲ့သည်။ အာဖဂန်နစ္စတန်တွင် အစိုးရသစ်ဖွဲ့စည်းခဲ့သည်။ သို့သော်လည်း အာဖဂန်နစ္စတန်နိုင်ငံသည် တည်ငြိမ် အေးချမ်းမှုမရှိသေးပေ။ အမေရိကန်အစိုးရက အကူအညီပေးမည်ဟုဆိုခဲ့သော်လည်း ယနေ့ကာလအထိ ကတိစကား

သက်ရောက်စေသော အခြေအနေများကိုလည်း လေ့လာဆင်ခြင်ရန် လိုအပ်ပေသည်။

ဤတွင် ဆိုဗီယက်ပြည်ထောင်စုနှင့်ယူဂိုဆလပ်ပြည်ထောင်စုနိုင်ငံများ၏ မျက်မှောက်ကာလ အခြေအနေကိုတင်ပြလိုသည်။ ဆိုဗီယက်ပြည်ထောင်စုတွင် ၁၉၉၁ခုနှစ် ဇူလိုင်လနှင့် ဩဂုတ်လများ၌ ဆိုဗီယက်ကွန်မြူနစ်များ၏ မအောင်မြင်သော အာဏာသိမ်းပွဲ ဖြစ်ပွားခဲ့သည်။ သက်ရောက်လာခဲ့သော အကျိုးဆက်မှာ ၁၉၉၁ ခုနှစ် ဒီဇင်ဘာလတွင် ဆိုဗီယက်ပြည်ထောင်စုကြီး ပြိုကွဲခဲ့ခြင်းဖြစ်သည်။ ထိုသို့ ပြိုကွဲမှုကို အခြေခံ၍ ပဋိပက္ခများ ဖြစ်ပေါ်ခဲ့သည်။ စစ်အေးကာလနောက်ပိုင်းတွင် ဆိုဗီယက်ပြည်ထောင်စုသည် ကမ္ဘာ့ဆိုရှယ်လစ်အင်အားကြီး နိုင်ငံတစ်နိုင်ငံ အဖြစ်မှ ရွေ့လျားကျဆင်း ခဲ့ရသည်။ မျက်မှောက်ကာလတွင် ရုရှားနိုင်ငံကို တာဝန်ယူ ဦးဆောင်နေသော သမ္မတပူတင်အစိုးရသည် ယင်းအန္တရာယ်များကို ဖြေရှင်းဖယ်ရှားပြီး နိုင်ငံစီးပွားရေး ဖွံ့ဖြိုးမှုအတွက်

ပြည်ထောင်စုမပြိုကွဲရေးအတွက် နိုင်ငံတကာမှ ရယူသင့်သောသင်ခန်းစာများ

ကေတုနီလာ

နှစ်ပေါင်းထောင်ချီစွာ တစ်မြေတည်းနေ တစ်ရေတည်းသောက်ပြီး ဆိုးတူကောင်းဖက် ဥမကွဲသိုက်မပျက် စဉ်ဆက်မပြတ်နေထိုင်လာခဲ့ကြသည့် တိုင်းရင်းသားညီအစ်ကိုတို့၏ စည်းလုံးညီညွတ်မှုအင်အားဖြင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်သည် ဖြစ်တည်ရှင်သန်လာခဲ့သည်။ တိုင်းရင်းသားညီအစ်ကိုတို့၏ အသက်သွေးချွေးများစွာဖြင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကို တည်ဆောက်ခဲ့ရသည်။ ကာကွယ်စောင့် ရှောက်ခဲ့ရသည်။ ယင်းကောင်းမြတ်သောအမွေကို လက်ဆင့်ကမ်း သယ်ဆောင်နိုင်ရန်အတွက် နိုင်ငံတကာပြည်တွင်းရေး ပြဿနာများတွင် သင်ခန်းစာရယူသင့်သည့် ပြည်ထောင်စုနိုင်ငံအချို့၏ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး ပြိုကွဲမှုများ၊ ပြည်ထောင်စုပြိုကွဲမှုများကိုလည်း လေ့လာဆင်ခြင်သိမြင်အပ်ပေသည်။ တစ်နည်းအားဖြင့် နိုင်ငံတကာမှ ပြည်ထောင်စုနိုင်ငံအချို့၏ ပြိုကွဲကျဆုံးမှုပုံရိပ်များတွင် နိုင်ငံတကာ အင်အားကြီးနိုင်ငံများ၏ လူမျိုးရေးသွေးခွဲမှုများ၊ ဝါဒရေးရာ ဩဇာ အာဏာချဲ့ထွင်လွှမ်းမိုးလိုမှုများကို မျက်ဝါးထင်ထင် တွေ့မြင်ရလျက်ရှိသည်။

စင်စစ် ပြည်ထောင်စုနိုင်ငံများ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး နယ်ပယ် အသီးသီးမှ ဖွံ့ဖြိုးတိုးတက်ရေးကို တည်ဆောက်နိုင်ရန် တည်ငြိမ်အေးချမ်းမှုလိုအပ်သည်။ နိုင်ငံတည်ငြိမ် အေးချမ်းမှုကို ပျက်ပြားစေသော လူမျိုးရေးပဋိပက္ခများ၊ ဝါဒရေးရာ ဩဇာအာဏာ ခြယ်လှယ်လွှမ်းမိုးမှုများ ကင်းစင်ရန် လိုအပ်သည်။

ဤတွင် လွတ်လပ်ပြီးစ မြန်မာနိုင်ငံသည် နယ်ချဲ့ပယောဂကြောင့် ဖြစ်ပွားခဲ့သော ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခ၏ အကျိုးဆက်အဖြစ် စိုက်ပျိုးနိုင်သောမြေဧက ၃၅ရာခိုင်နှုန်း ပလပ်သွားခဲ့သည်။ လူဦးရေ သုံးသန်းခန့် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသည်။ တိုင်းရင်းသားပြည်သူ ၂၂၀၀၀နှင့် စစ်ဘက်၊ မြို့ပြဘက်၊ အရာထမ်း အမှုထမ်း ၅၇၀၀ အသက်ဆုံးရှုံးခဲ့ရသည်။ နိုင်ငံပိုင်ပစ္စည်း အမေရိကန်ဒေါ်လာ ၅ သန်းနှင့် တိုင်းရင်းသားပြည်သူတို့၏ ပစ္စည်းဥစ္စာတန်ဖိုး အမေရိကန်ဒေါ်လာ ၉၅ သန်းဖိုးမျှ ဆုံးရှုံးခဲ့ရသည်ဟု လေ့လာသိရှိရသည်။

အမေရိကန်နှင့် အပေါင်းအပါတပ်များ ဝင်ရောက်တိုက်ခိုက်မှုကြောင့် အာဖဂန်နစ္စတန်နိုင်ငံရှိ ပြည်သူများ၏ အိုးအိမ် နေအိမ် အဆောက်အအုံများ ဤသို့ ပျက်စီးဆုံးရှုံးခဲ့ရသည်။

နှင့်အညီ လိုအပ်သော အကူအညီအတိုင်းအတာကို လက်ခံရရှိခြင်း မရှိသေးဘဲ ပြည်တွင်း တည်ငြိမ်အေးချမ်းမှု မရှိသည်ကို တွေ့မြင်နေရသည်။ ယင်း၏ အကျိုးဆက်အဖြစ် အာဖဂန်ပြည်သူများ သေကျေပျက်စီးခဲ့သည်။ အိုးအိမ်မြေယာများ ဆုံးရှုံးခဲ့ရသည်။ မူးယစ်ဆေးဝါး ထုတ်လုပ်ရောင်းချမှုများ တိုးပွားလာခဲ့သည်။ ဤသည်တို့မှာ ပြည်တွင်း မတည်ငြိမ်မှု၊ မအေးချမ်းမှုနှင့် တိုင်းရင်းသား စည်းလုံးညီညွတ်မှု မရှိခဲ့သဖြင့် ပြည်ပအင်အားကြီးနိုင်ငံ အချို့ဝင်ရောက် စွက်ဖက်ခဲ့ပြီး နိုင်ငံနှင့်လူမျိုးသာ ဆိုးရွားသောကံကြမ္မာတွင် သံသရာလည်နေခဲ့ရခြင်း ဖြစ်သည်။

ယင်းအပြင် အင်ဂိုလာနိုင်ငံတွင် ပြည်တွင်းစစ်ကြောင့် ပြည်သူ ၁၂၂၀၀၀ သေဆုံးခဲ့ရခြင်း၊ သီရိလင်္ကာနိုင်ငံတွင် ပြည်တွင်းစစ်ကြောင့် ပြည်သူ ၂၇၀၀၀ သေဆုံးခဲ့ရခြင်း၊ ဆူဒန်နိုင်ငံတွင် ပြည်တွင်းစစ်ကြောင့် ပြည်သူ ၃၃၀၀၀ မှ ၄၀၀၀၀ အထိ သေဆုံးခဲ့ရခြင်း စသည်တို့သည် ပြည်တွင်းစစ်၏အန္တရာယ်များနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ပြိုကွဲမှု၏ အကျိုးဆက်များအဖြစ် ရယူသင့်သော သင်ခန်းစာများ ဖြစ်သည်။ ၎င်းတို့သည်နိုင်ငံတစ်နိုင်ငံ၊ ဒေသတစ်ခု၏ ဖွံ့ဖြိုးတိုးတက်ရေးကို ကြီးမားနက်ရှိုင်းသည့် အန္တရာယ်များဖြစ်စေခဲ့သည်။ ထို့ကြောင့်ပင် နိုင်ငံတစ်နိုင်ငံ၊ ဒေသတစ်ခု၏ တည်ငြိမ်အေးချမ်းမှုနှင့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးသည် နိုင်ငံတည်ဆောက်ရေးတွင် အခြေခံအကျဆုံးဖြစ်ရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် တိုင်းရင်းသား စည်းလုံး ညီညွတ်ရေးကို မဖြစ်မနေ တည်ဆောက်ပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ရယူနိုင်ခဲ့သည်။ ပြည်ပစွက်ဖက်မှုမှန်သမျှ ဆန့်ကျင်ဖယ်ရှားခဲ့သည်။

အခြားတစ်ဖက်တွင် ပြည်ထောင်စုနိုင်ငံအချို့၏ တိုင်းရင်းသား စည်းလုံးညီညွတ်မှု ပြိုကွဲလာခြင်းဖြင့် နိုင်ငံနှင့် လူမျိုးအား ဆိုးကျိုးများ

ထက်မြက်စွာ ဆောင်ရွက်လျက်ရှိရာ အခြေခံကောင်းများ၊ အလားအလာကောင်းများကို ပြန်လည်ရရှိလာသည့်အပြင် မူလ ကမ္ဘာ့အင်အားကြီး နိုင်ငံနေရာသို့ ပြန်လည်ရောက်ရှိရေးကို ဦးတည် လှုပ်ရှားလျက်ရှိသည်။

အခြားတစ်ဖက်တွင်လည်း ရုရှားနိုင်ငံမှ ခွဲထွက်လိုသော ချေချင်းညာ ပဋိပက္ခသည် ၁၉၉၄ခုနှစ် ဧပြီလက စတင်ခဲ့ရာပြည်သူ ၃၀၀၀၀ကျော် အသက်ဆုံးရှုံးခဲ့ရသည်။ ချေချင်းညာပဋိပက္ခကြောင့် ရုရှားနိုင်ငံအတွင်း ဟိုတယ်များ၊ ကပွဲရုံများ၊ စားသောက်ဆိုင်များစသော လူစည်ကားရာ နေရာဒေသတို့၌ မကြာခဏဗုံးဖောက်ခွဲမှုများဖြစ်ပွားခဲ့ရာ ပြည်သူတို့ သေကျေထိခိုက်ဒဏ်ရာ ရရှိမှုများပြားခဲ့သည်။ ချေချင်းညာ တိုက်ခိုက်

နယ်ချဲ့တို့၏ သွေးခွဲသပ်လျှိုမှုကြောင့် ပြည်ထောင်စုပြိုကွဲမှုအန္တ ကိုဆိုဗိုဒေသရှိ ပြည်သူများ ဤသို့ စစ်ပြေးဒုက္ခသည်များ ဖြစ်ခဲ့ကြရ

ဆိုဗီယက်ပြည်ထောင်စုကြီးပြိုကွဲပြီးနောက် ပြည်တွင်းစစ်အန္တရာယ်နှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရာတွင် စစ်ကြောင့် သေဆုံးခဲ့ရသော မိသားစုဝင်များအတွက် ဤသို့ ယူကျုံးမရဖြစ်ခဲ့ကြရသည်။

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့အကြို

ဂုဏ်ပြုဆောင်းပါးနှင့် မှတ်တမ်းဓာတ်ပုံ

နေများကိုလည်း လေ့လာဆင်ခြင်ရန်

င်စုနှင့်ယူဂိုဆလပ်ပြည်ထောင်စုနိုင်ငံ
ခြအနေကိုတင်ပြလိုသည်။ ဆိုဗီယက်
လိုင်လနှင့် ဩဂုတ်လများ၌ ဆိုဗီယက်
သာ အာဏာသိမ်းပွဲ ဖြစ်ပွားခဲ့သည်။
ာက်မှာ ၁၉၉၁ ခုနှစ် ဒီဇင်ဘာလတွင်
ကွဲခဲ့ခြင်းဖြစ်သည်။ ထိုသို့ ပြိုကွဲမှုကို
သည်။ စစ်အေးကာလနောက်ပိုင်းတွင်
ကမ္ဘာ့ဆိုရှယ်လစ်အင်အားကြီး နိုင်ငံ
င်း ခဲ့ရသည်။ မျက်မှောက်ကာလတွင်
င်နေသော သမ္မတပူတင်အစိုးရသည်
ရှားပြီး နိုင်ငံစီးပွားရေး ဖွံ့ဖြိုးမှုအတွက်

ကေတုနိုလာ

ာ အခြေခံကောင်းများ၊ အလားအလာ
သည့်အပြင် မူလ ကမ္ဘာ့အင်အားကြီး
ရေးကို ဦးတည် လှုပ်ရှားလျက်ရှိသည်။
ရှားနိုင်ငံမှ ခွဲထွက်လိုသော ချေချင်းညာ
က စတင်ခဲ့ရာပြည်သူ ၃၀၀၀၀ကျော်
ညာပဋိပက္ခကြောင့် ရုရှားနိုင်ငံအတွင်း
ာက်ဆိုင်များစသော လူစည်ကားရာ
ဖောက်ခွဲမှုများဖြစ်ပွားခဲ့ရာ ပြည်သူတို့
ပြားခဲ့သည်။ ချေချင်းညာ တိုက်ခိုက်

ရေးသမားများသည် ဆေးရုံလူနာများအား ထောင်နှင့်ချီ၍ ဓားစာခံများအဖြစ် ထိန်းသိမ်းခဲ့ကြသဖြင့် ရုရှားလက်နက်ကိုင်တပ်များက ဝင်ရောက်တိုက်ခိုက်ရှင်းလင်းခဲ့ရာ ချေချင်းညာ ပြည်သူများနှင့် ဓားစာခံပြည်သူများ သေဆုံးခဲ့ခြင်းမျိုးလည်းရှိခဲ့သည်။

ဤနေရာတွင် ပြည်ထောင်စုပြိုကွဲခြင်းကြောင့် ရရှိလာသည့် အကျိုးဆက်များကို လေ့လာတွေ့ရှိရမည် ဖြစ်ပါသည်။ ၎င်းနိုင်ငံအတွင်း ပြည်ထောင်စုစိတ်ဓာတ်လျော့ပါးလာ၍ ပြည်ထောင်စုပြိုကွဲရခြင်း ဖြစ်ပါသည်။ ပြည်ထောင်စုပြိုကွဲခြင်းကြောင့် ထိခိုက်သေကြေရသည်မှာ ၎င်းနိုင်ငံအတွင်းနေထိုင်ကြသော တိုင်းရင်းသားပြည်သူများပင်ဖြစ်ပါသည်။ ထို့ကြောင့်ဆိုဗီယက်ပြည်ထောင်စု၏ သင်ခန်းစာကိုယူ၍ မြန်မာတိုင်းရင်းသားညီအစ်ကိုတို့သည် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် အစဉ်ရှင်သန်မြဲမြဲခိုင်မာနေရန် လိုအပ်ပေသည်။

၁၉၉၁ခုနှစ်တွင် နှစ်ပေါင်းများစွာ အနိုင်အမာ ရပ်တည်ခဲ့သော ဆိုဗီယက်ပြည်ထောင်စုကြီး အစိတ်စိတ်အမြွှာမြွှာ ပြိုကွဲသွားပြီးနောက် ပြည်တွင်းစစ်ဒဏ်ကြောင့် အပြစ်မဲ့ကလေးငယ်များ ဤသို့မိဘမဲ့ဖြစ်သွားရသည်။

ယင်းကဲ့သို့ပင် ယူဂိုဆလပ် ပြည်ထောင်စုသည်လည်းဆိုဗီယက်ပြည်ထောင်စုထက် ပိုမိုဆိုးရွားသော အခြေအနေကို ရင်ဆိုင်ခဲ့ရသည်။ ယူဂိုဆလပ်ခေါင်းဆောင်မာရှယ်တီးတိုးကွယ်လွန်ပြီးနောက်ပိုင်း ယူဂိုဆလပ်နိုင်ငံအတွင်း၌တိုင်းရင်းသားများ စည်းလုံးညီညွတ်မှု ပြိုကွဲခဲ့သည်။ ထို့နောက် လူမျိုးကွဲပြဿနာများဖြစ်လာခဲ့သည်။၁၉၉၀ ပြည့်လွန်နှစ်များတွင် လူမျိုးရေးမှတစ်ဆင့် ပြည်တွင်းစစ်မီးသည် စတင် လောင်ကျွမ်းလာခဲ့သည်။ ယင်းစစ်မီးတောက်သည် ဆလိုဗေးနီးယားနှင့် ဘော့စနီးယား၊ ဟာဇီဂိုဗီးနားအထိ ကျယ်ပြန့်စွာ ပျံ့နှံ့လာခဲ့ရာမှ အမေရိကန်နှင့် နေတိုးတပ်များက ဝင်ရောက်စွက်ဖက်ထိန်းသိမ်းခဲ့တော့သည်။

အာဖရိကအလယ်ပိုင်းရှိ ရဝမ်ဒါနိုင်ငံတွင် လူမျိုးစုတို့၏ လက်နက်ကိုင် ပဋိပက္ခများကြောင့် ပြည်တွင်းစစ်ဖြစ်ပွားခဲ့ရာ အပြစ်မဲ့ ပြည်သူများ ဒုက္ခပင်လယ်ဝေ၍ သေကျေပျက်စီးခဲ့ရသည်။

စည်းလုံးညီညွတ်စွာဖြင့် တစ်နိုင်ငံတည်း တည်ရှိခဲ့သော ယူဂိုဆလားဗီးယားနိုင်ငံ ၁၉၉၀ ပြည့်နှစ်တွင် ပြိုကွဲခဲ့သောကြောင့် အပြစ်မဲ့ ပြည်သူများ စစ်ဘေးဒဏ် လွတ်ရာသို့ ဤသို့ ထွက်ပြေးခဲ့ကြရသည်။

ယင်းနောက်ပိုင်း ယူဂိုဆလပ်နိုင်ငံ၏ ပြည်နယ်တစ်ခုဖြစ်သော ကိုဆိုဗိုပြည်နယ် ခွဲထွက်ရေး ပြဿနာ ဖြစ်ပေါ်လာခဲ့ရာ ဆားဘ့်လူမျိုးနှင့် အယ်လ်ဘေးနီးယန်း နွယ်ဖွားတို့၏ လူမျိုးရေးပဋိပက္ခများ ဖြစ်ပေါ်လာခဲ့ပြန်သည်။ ဤတွင် တစ်ချိန်က ဝါဆောစစ်အုပ်စုဝင်ဖြစ်ခဲ့သော ယူဂိုဆလပ်ပြည်နယ် အားအင်ချည့်နဲ့ သွားစေရန်နှင့် ကိုဆိုဗို ပြည်နယ်အား နေတိုးအုပ်စု အလိုကျဖြစ်စေရန်အတွက် ယူဂိုဆလပ်နိုင်ငံထဲမှ ကိုဆိုဗိုပြည်နယ်အား သီးခြားလွတ်လပ်သော နိုင်ငံအဖြစ် ထူထောင်ရန် အမေရိကန်နှင့် နေတိုးအုပ်စုက လိုလားခဲ့ကြသည်။ ထို့ကြောင့်ပင် ယူဂိုဆလပ်နိုင်ငံ၏ ပြည်တွင်းရေးဖြစ်သော ကိုဆိုဗိုပြဿနာကို အကြောင်းပြုပြီး အမေရိကန်နှင့် နေတိုးအုပ်စုသည် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ခွင့်ပြု ချက်မယူဘဲ ၁၉၉၉ခုနှစ် မတ်လ ၂၄ ရက်တွင် စစ်လေယာဉ် ၁၀၀၀စုစည်းပြီး ယူဂိုဆလပ်နိုင်ငံအား အကြိမ်ပေါင်း ၆၀၀၀ ထက်မနည်း လေကြောင်းမှ ကျူးကျော်ဝင်ရောက်၍ ဗုံးကြဲ တိုက်ခိုက်ခဲ့သည်။ ခရုဇ်ဒုံးကျည်နှင့် ဗုံးထောင်ပေါင်းများစွာဖြင့် တိုက်ခိုက်ခဲ့သည်။ ဗုံးများတွင် နိုင်ငံတကာက ပိတ်ပင်တားမြစ်ထားသော ဗုံးပဒေသာများလည်း ပါဝင်ခဲ့သည်။ ယင်းဗုံးပဒေသာဖြင့် တိုက်ခိုက်ခဲ့ခြင်းကြောင့် ဆားဗီးယားအရပ်သူ အရပ်သားများစွာ သေဆုံးဒဏ်ရာရရှိခဲ့ကြသည်။ အမေရိကန်နှင့် အပေါင်းပါ နေတိုးအဖွဲ့၏ တိုက်ခိုက်မှုကြောင့် ယူဂိုဆလပ်နိုင်ငံ၏ စစ်စခန်းများအပါအဝင်ကျောင်းများ၊ ဆေးရုံများ၊ တံတားကြီးများ၊ စက်ရုံအလုပ်ရုံများနှင့် လူနေ ရပ်ကွက်များကို ထိမှန်ပျက်စီးခဲ့သဖြင့် ဒေါ်လာ ဘီလီယံပေါင်း ၁၀၀ ကျော်ဖိုး ဆုံးရှုံးခဲ့သည်။

...်လျှိုမှုကြောင့် ပြည်ထောင်စုပြိုကွဲမှုအန္တရာယ်များနှင့် ကြုံတွေ့ခဲ့ရာ ...ဤသို့ စစ်ပြေးဒုက္ခသည်များ ဖြစ်ခဲ့ကြရသည်။

ဤသည်မှာ နှစ်ပေါင်းများစွာ တည်ငြိမ်အေးချမ်းစွာ ရပ်တည်လာခဲ့သော ပြည်ထောင်စုနိုင်ငံများတွင် တိုင်းရင်းသားများ စည်းလုံးညီညွတ်ရေး ပြိုကွဲမှုကို အခွင့်ကောင်းယူခဲ့ကြသည့် ပြည်ပပယောဂများ၊ သပ်လျှိုဖြိုခွဲမှုများ၊ ဝင်ရောက် စွက်ဖက်မှုများဖြင့် နိုင်ငံနှင့်လူမျိုးအား ဆိုးရွားသော အကျိုးဆက်များကို ရရှိစေခဲ့သည်။ ပြည်ထောင်စုပြိုကွဲရေးသို့ ဦးတည်စေခဲ့သည်။

နိုင်ငံတကာရှိ ပြည်ထောင်စုနိုင်ငံအချို့မှ ပြည်တွင်းရေး ပြဿနာများသည် ၎င်းနိုင်ငံအတွင်းရှိ တိုင်းရင်းသား လူမျိုးအချင်းချင်း စည်းလုံးညီညွတ်မှုမရှိခြင်း၊ ပြည်ထောင်စု စိတ်ဓာတ် ပြိုကွဲခဲ့ခြင်းကြောင့် ရှုပ်ထွေးနက်ရှိုင်းသော လက်နက်ကိုင် ပဋိပက္ခများ၊ ပြည်တွင်းစစ်များ ဖြစ်ပေါ်လာခဲ့ရခြင်းဖြစ်သည်။ နိုင်ငံတကာ နယ်ချဲ့ပယောဂများ ဝင်ရောက် စွက်ဖက်မှုများ သွေးထိုးသပ်လျှို ဖြိုခွဲမှုများ ကျူးကျော်တိုက်ခိုက်မှုများ စသော မလိုလားအပ်သည့် အန္တရာယ်များနှင့်အတူ မဟာအင်အားကြီး နိုင်ငံတို့၏ ဩဇာခံ အခြွေအရံနိုင်ငံအဖြစ်သို့ ရောက်ရှိပြီး နိုင်ငံအတွင်းရှိ ပြည်သူများ၏ အသက်နှင့်စည်းစိမ်ဉစ္စာများ ပျက်စီးဆုံးရှုံးခဲ့ရသည်။ ၎င်းတို့သည် နိုင်ငံတကာကပေးသော သင်ခန်းစာများဖြစ်ပေသည်။

ချုပ်၍ဆိုရလျှင် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး ကမ္ဘာ့အလယ်တွင် ထည်ဝါခံ့ညားစွာ ရပ်တည်ရှင်သန်လျက်ရှိသည်မှာ ပြည်ထောင်စုဖွားတိုင်းရင်းသား ညီအစ်ကိုများ၏ သွေးရင်းသားချင်းစိတ်ဓာတ်တို့မှ ကောင်းမြတ်သော အမွေကို လက်ဆင့်ကမ်းလာခြင်း၏ အကျိုးဆက်တရားပင်ဖြစ်သည်။ တိုင်းရင်းသားညီအစ်ကိုတို့သည် ဖော်ပြပါနိုင်ငံတကာမှ သမိုင်းသင်ခန်းစာများကိုရယူ၍ အနာဂတ်ကာလတွင် မလွဲမသွေဖြစ်တည်လာတော့မည့် အေးချမ်းသာယာပြီးခေတ်မီဖွံ့ဖြိုးတိုးတက်သောဒီမိုကရေစီနိုင်ငံတော်သစ်ကြီး တစ်နည်းအားဖြင့် ပြည်ထောင်စု နိုင်ငံတော်သစ်ကြီးကို အစဉ်ထာဝရတည်တံ့ခိုင်မြဲစွာရပ်တည်နိုင်ရေးအတွက် ကျစ်လျစ်သိပ်သည်းသော တိုင်းရင်းသားစည်းလုံးညီညွတ်ရေးဖြင့် မွန်မြတ်လှသော ပြည်ထောင်စုစိတ်ဓာတ် အမွေကို လက်ဆင့်ကမ်းသယ်ဆောင်လျက် အသက်ပေး ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရမည်ဖြစ်ပါသတည်း။ ။

7-2 (9).p65 1 3/23/05, 1:36 PM

သားငါးပွဲ့ပြီး ပြည့်အကျိုး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး စစ်ကိုင်းတိုင်း မင်းကင်းမြို့နယ် မြို့မ တံတားအနီး၌ ကလေးခရိုင်နှင့် မင်းတပ်မြို့နယ်မှ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများအား နှုတ်ခွန်းဆက်စကားပြောကြားစဉ်။
(သတင်းစဉ်)

▼ **ရှေ့ဖုံးမှ**

ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ဖေဖော်ဝါရီ ၃ ရက် နံနက်ပိုင်းတွင် တပ်မတော်လေယာဉ်ဖြင့် ရန်ကုန်မြို့မှ ထွက်ခွာခဲ့ကြရာ နံနက် ၉ နာရီတွင် စစ်ကိုင်းတိုင်းမုံရွာမြို့ မုံရွာလေဆိပ်သို့ရောက်ရှိသည်။

တာဝန်ရှိသူများကြိုဆို

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အဖွဲ့ဝင်များအား မုံရွာလေဆိပ်တွင် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးတင်မောင်အုန်းနှင့် တပ်မတော် အရာရှိကြီးများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များအား မုံရွာလေယာဉ်ကွင်း တည်ဆောက်ရေးစီမံကိန်းရှင်းလင်းဆောင်၌ ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေက မုံရွာလေယာဉ်ကွင်း၏ မူလလေယာဉ်ပြေးလမ်းမှာ အရှည်ပေ ၅၀၀၀၊ အကျယ်ပေ ၁၀၀ ရှိသည့် ကျောက်ရောမြေမာ ပြေးလမ်းဖြစ်ပါကြောင်း၊ ဤလေယာဉ်ပြေးလမ်းကို အရှည်ပေ ၈၅၀၀၊ အကျယ်ပေ ၁၀၀ ရှိလေယာဉ်ကြီးများ ဆင်း/တက်နိုင်သော နိုင်လွန်ကတ္တရာခင်း ပြေးလမ်းအဖြစ် တည်ဆောက်ထားရှိပါကြောင်းဖြင့် အဆင့်တိုးမြှင့် ဆောင်ရွက်လျက်ရှိသည့် မုံရွာ လေယာဉ်ကွင်းနှင့်စပ်လျဉ်းသည့် အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ရွှေသံလွင် ဟိုင်းဝေးကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးကျော်ဝင်းက တည်ဆောက်ပြီးသော လေယာဉ်ပြေးလမ်း၊ လေယာဉ်အရှိန်သတ်စွန်း၊ လေယာဉ်ကွေ့ရန်နေရာ၊ လေယာဉ်ရပ်နားရန်နေရာ၊ လေဆိပ်အဆောက်အအုံတို့နှင့်စပ်လျဉ်း၍လည်းကောင်း၊ ရေနုတ်မြောင်း၊ ခြံစည်းရိုးနှင့်ဆက်စပ်အဆောက်အအုံ တည်ဆောက်ပြီးစီးမှုအခြေအနေကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးဝင်းမောင်နှင့်တာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်း တင်ပြကြသည်။

လေယာဉ်ကွင်းအဆင့်မြှင့်တိုးချဲ့

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက မိမိတို့ တည်ဆောက်ခဲ့သော လေယာဉ်ကွင်းတည်ဆောက်ရေးလုပ်ငန်းနှင့်စပ်လျဉ်း၍ မှတ်တမ်းမှတ်ရာ စနစ်တကျ ထားရှိရန်လိုကြောင်း၊ နောင်တစ်ချိန် လေယာဉ်ကွင်းကို ထပ်မံအဆင့်မြှင့်တိုးချဲ့လိုက တိုးချဲ့ဆောင်ရွက်နိုင်ရန် မှတ်တမ်းမှတ်ရာအပါအဝင် လိုအပ်သည်များကို ပြုစုပြင်ဆင်ထားရှိရန်ဖြစ်ကြောင်းဖြင့်မှာကြားပြီး ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ပေ ၁၈၀ X ပေ ၆၀ ရှိ လေဆိပ်အဆောက်အအုံ ဆောက်လုပ်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ လေယာဉ်ရပ်နားရန်နေရာ တည်ဆောက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

မုံရွာလေယာဉ်ကွင်း တည်ဆောက်ရေးစီမံကိန်း လုပ်ငန်းများမှာ ၉၀ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်သည်။

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် တပ်မတော်လေယာဉ်ဖြင့် ကလေးမြို့သို့ရောက်ရှိကြရာ ကလေးတပ်နယ်မှ ဗိုလ်မှူးချုပ်ခင်မောင်အေးနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ကလေးစက်မှုဇုန်သို့သွားရောက်ကြပြီး စမ်းသပ်ထုတ်လုပ်ထားသည့် မှန်လုံယာဉ်ငယ်ကိုကြည့်ရှုစစ်ဆေးကြသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ မြေပြင်ရေစီးအားသုံးတာဘိုင်၊ နော်ဇယ်ရေပန်းအားသုံးတာဘိုင်စသည့် အသေးစားရေအားလျှပ်စစ်ထုတ်စက်များကိုလည်းကောင်း၊ စပါးလုံးရွေးစက်၊ စပါးအခွံချွတ်စက်၊ ၁၂ သွားထွန်၊ စပါးခြွေလှေ့စက်၊ ကောက်ရိုးငုတ်ဖြတ်စက်၊ မြက်ဖြတ်စက်စသည့် လယ်ယာလုပ်ငန်းသုံး စက်ပစ္စည်းကိရိယာများကိုလည်းကောင်း၊ ဖိုတိုလစ်သိုအော့ဖ်ဆက် ပုံနှိပ်စက်ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

(၁၉)နှစ်မြောက်ထူထောင်

ထို့နောက် ကလေးစက်မှုဇုန်ထုတ်ဂျစ်ကားအမျိုးမျိုးကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက ကလေးစက်မှုဇုန်ကို (၁၉)နှစ်မြောက် စက်မှုဇုန်အဖြစ် မိမိတို့ သတ်မှတ်ထူထောင် ပေးလိုက်ပြီးဖြစ်ကြောင်း။

မိမိတို့ထက် ရှေ့မှရောက်ပြီး အတွေ့အကြုံရှိနေသည့် အခြားစက်မှုဇုန်များနှင့်ယှဉ်လိုက်ပါက နောက်ကျမကျန်ရစ်ဘဲ တိုးတက်အောင်မြင် ဖြစ်ထွန်းသည့် စက်မှုဇုန်ဖြစ်အောင် ကြိုးပမ်းကြရန်ဖြစ်ကြောင်းဖြင့် စက်မှုလက်မှုလုပ်ငန်းရှင်များအားမှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ကလေးဝမြို့သို့ရောက်ရှိကြရာ ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ ကျိုကုန်းတပ်နယ်မှ ဗိုလ်မှူးကြီးညီထွန်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

မြစ်သာတံတား(ကလေးဝ)

ထို့နောက် မြစ်သာတံတား(ကလေးဝ) တည်ဆောက်ရေး စီမံကိန်းသို့ရောက်ရှိကြရာ ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက တံတားတည်ဆောက်ရေး စီမံကိန်းလုပ်ငန်းများနှင့် ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက ခိုင်ခံ့သပ်ရပ်သည့် တံတားကြီးအဖြစ် တည်ဆောက်ကြရန်မှာကြားပြီး တံတားတည်ဆောက်ရေး စီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

၆၀ ရာခိုင်နှုန်းပြီးစီး

မြစ်သာတံတား (ကလေးဝ)မှာ အောက်ခံအုတ်မြစ်ကို ဘိုးပိုင်များဖြင့် သံကူကွန်ကရစ်တံတားတိုင် အမျိုးအစားအဖြစ် တည်ဆောက်နေခြင်းဖြစ်ပြီး တံတားအပေါ်ထည်မှာ သံမဏိသံပေါင်ကြိုးတံတား၊ သံကူကွန်ကရစ်ရက်မနှင့် ကြမ်းခင်းအမျိုးအစားအဖြစ် တည်ဆောက်နေခြင်းဖြစ်သည်။ ယခုအခါ တံတားတည်ဆောက်ရေးလုပ်ငန်းများ ၆၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်သည်။

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အဖွဲ့ဝင်များသည် မြစ်သာတံတား(ကလေးဝ)မှတစ်ဆင့် မင်းကင်းမြို့နယ်ရှိ မြို့မတံတားသို့ ရောက်ရှိကြပြီး တံတားဖွင့်ပွဲ အခမ်းအနားကျင်းပရန် ပြင်ဆင်ဆောင်ရွက်ထားသည့် အခြေအနေများကို ကြည့်ရှုကြသည်။

ဒေသခံများနှင့်တွေ့ဆုံ

ထို့နောက် တံတားအနီး ကလေးခရိုင်နှင့် မင်းကင်းမြို့နယ်မှ တာဝန်ရှိသူများ၊ မင်းကင်းမြို့နယ် မြို့မကျေးရွာအုပ်စုနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ခေါင်းဆောင်ပြီး စစ်ကိုင်းတိုင်း၏ ဖွံ့ဖြိုးတိုးတက်မှုများကိုလှည့်လည်ကြည့်ရှုရင်း မင်းကင်းဒေသသို့ မိမိတို့အဖွဲ့ရောက်ရှိလာခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးဖြစ်ထွန်းလာရေးအတွက် စီမံကိန်းများချမှတ်၍ စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ်

နယ်စပ်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်း၊ ဖွံ့ဖြိုးရေးဒေသကြီး ၂၄ ခု စီမံကိန်းနှင့်မင်းကင်းမြို့နယ်ရှိ ကျေးလက်ဒေသများအပါအဝင် လူများစုနေထိုင်သည့် ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် ငါးရပ်တို့ကို ဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရတစ်ရပ်တည်း အကောင်အထည်ဖော်ဆောင်ရွက်၍မရကြောင်း၊ ပြည်သူတစ်ရပ်လုံးပါဝင်မှ စီမံကိန်းလုပ်ငန်းများ အောင်မြင်မည်ဖြစ်သဖြင့် နိုင်ငံတော်အစိုးရနှင့်အတူပြည်သူတစ်ရပ်လုံးက တက်ညီလက်ညီပူးပေါင်းဆောင်ရွက်သွားရန်ဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသွားသည်။

လူဦးရေတိုးပွားလာ

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက နှုတ်ခွန်းဆက်စကားပြောကြားရာတွင် ယခုအခါ နိုင်ငံတော်၏ လူဦးရေမှာ ၅၃ သန်းကျော်ရှိနေပြီဖြစ်ကြောင်း၊ နိုင်ငံတော်၏ လူဦးရေမှာ ဆက်လက်တိုးပွားလာနေမှာဖြစ်ကြောင်း။

စက်မှုနိုင်ငံဖြစ်ရေးကြိုးပမ်း

မိမိတို့၏ သားစဉ်မြေးဆက်တိုင်အောင် စားနပ်ရိက္ခာအတွက် ပူပင်သောကဖြစ်မနေရဘဲ ဖူလုံမှုရှိစေရန်၊ ဖွံ့ဖြိုးတိုးတက်သည့် အခြားနိုင်ငံများနှင့်ရင်ပေါင်တန်းနိုင်သော စက်မှုနိုင်ငံဖြစ်လာစေရန် မိမိတို့ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ခြင်းမှာလည်း လိုအပ်ချက်တစ်ရပ်ဖြစ်ရာ တစ်နိုင်ငံလုံး လမ်းပန်းဆက်သွယ်မှု ကောင်းမွန်လာအောင် ဖြည့်ဆည်းစီမံဆောင်ရွက်ပေးလျက်ရှိကြောင်း။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ဤဒေသသည်လည်း ဖွံ့ဖြိုးမှုအားနည်းနေသည့် ဒေသဖြစ်ကြောင်း၊ ဤဒေသ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက မုံရွာ–အလုံ–ယာကြီး–မြို့မ–ကလေးဝ ကားလမ်းကို ဖောက်လုပ်စေခဲ့ခြင်းဖြစ်ကြောင်း၊ ဤလမ်းမကြီးသည် နိုင်ငံတော်၏ အဝေးပြေးလမ်းမကြီးအဖြစ် တိုးတက်ဖြစ်ပေါ်လာနိုင်ပြီး ဤလမ်းမကြီးကြောင့် မြို့မဒေသမှ ပြည်သူများအပါအဝင် ဆက်စပ်လျက်ရှိသည့် ပတ်ဝန်းကျင်ဒေသအသီးသီးမှ ပြည်သူများအတွက်လည်း ဖွံ့ဖြိုးတိုးတက်၍ လူနေမှု အဆင့်အတန်းများ မြင့်မားလာကြမည်ဖြစ်ကြောင်းဖြင့်ပြောကြားပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

မုံရွာ–အလုံ–ယာကြီး–မြို့မ–ကလေးဝ ကားလမ်းမှာ ၁၁၅ မိုင်ရှိသည်။ လမ်းသားအကျယ် ပေ ၃၀၊ ကတ္တရာလမ်းအကျယ် ၁၈ ပေရှိ လမ်းအဖြစ် ဖောက်လုပ်ပြီးစီးနေပြီ ဖြစ်သည်။

ဤလမ်းရှိ မြို့မတံတားမှာ တည်ဆောက်ပြီးစီး၍ မကြာမီဖွင့်ပွဲအခမ်းအနားကျင်းပတော့မည်ဖြစ်သည်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး စစ်ကိုင်းတိုင်း မုံရွာလေယာဉ်ကွင်းတည်ဆောက်ရေး စီမံကိန်းကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

ဘင်္ဂလားဒေ့ရှ်ဆရာတော် ဘဒ္ဒန္တပညာဇောတ၏ သိက္ခာထပ်အလှူတော်မင်္ဂလာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေ တက်ရောက်ကြည်ညို

ရန်ကုန် ဖေဖော်ဝါရီ ၆

ရန်ကုန်တိုင်း တာမွေမြို့နယ် ဘင်္ဂလားဒေ့ရှ်ကျောင်းတိုက် ဘင်္ဂလားဒေ့ရှ် ဆရာတော် ဘဒ္ဒန္တပညာဇောတ၏ သိက္ခာထပ် အလှူတော်မင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် အဆိုပါကျောင်းတိုက်ရှိ မဟာဇယမင်္ဂလာသိမ်ကျောင်းတော်၌ကျင်းပရာ အလှူရှင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေတို့ တက်ရောက်ကြည်ညို၍ ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

တက်ရောက်ကြည်ညို

ဘင်္ဂလားဒေ့ရှ် ကျောင်းတိုက် ဘင်္ဂလားဒေ့ရှ်ဆရာတော် ဘဒ္ဒန္တပညာဇောတအား နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေတို့က ပစ္စယာနုဂ္ဂဟ ရဟန်းဒါယကာ ဒါယိကာမများအဖြစ် ခံယူကျင်းပသော သိက္ခာထပ်မင်္ဂလာ အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက မကွေးဆရာတော် ဘဒ္ဒန္တကုမာရ အမှူးပြုသော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ ဘင်္ဂလားဒေ့ရှ် ကျောင်းတိုက် ဘင်္ဂလားဒေ့ရှ် ဆရာတော် ဘဒ္ဒန္တပညာဇောတနှင့် ပင့်သံဃာတော်များ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဘင်္ဂလားဒေ့ရှ်ကျောင်းတိုက် ဆွမ်းကွမ်းဝေယျာဝစ္စ အဖွဲ့ဝင်များ၊ ဘင်္ဂလားဒေ့ရှ် ဘုရားဖူးအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ အလှူရှင်များနှင့် တပည့် ဒါယကာ ဒါယိကာမများတက်ရောက် ကြည်ညိုကြသည်။

လှူဖွယ်ပစ္စည်းများလောင်းလှူ

ရှေးဦးစွာ ဘင်္ဂလားဒေ့ရှ်ကျောင်းတိုက် ဘင်္ဂလားဒေ့ရှ် ဆရာတော် ဘဒ္ဒန္တ ပညာဇောတ၏ သိက္ခာထပ် ကံဆောင် မင်္ဂလာအခမ်းအနားကို ဘင်္ဂလားဒေ့ရှ် ကျောင်းတိုက် မဟာဇယမင်္ဂလာသိမ်ကျောင်းတော်၌ ကျင်းပရာ အလှူရှင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေတို့ တက်ရောက်ကြည်ညိုပူဇော်ကြပြီး ကံဆောင် ဆရာတော် သံဃာတော်များအား သိမ်ဆင်း လှူဖွယ်ပစ္စည်းများကိုလောင်းလှူကြသည်။

ထို့နောက် သိက္ခာထပ်အလှူတော် မင်္ဂလာရေစက်ချ အခမ်းအနားကို အဆိုပါကျောင်း မဟာဇယမင်္ဂလာ သိမ်ကျောင်းတော်၌ကျင်းပရာ ရန်ကုန်တိုင်း သာသနာရေးမှူး ဦးစံသင်းလှိုင်က အခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပြီး အခမ်းအနား အစီအစဉ်များကို ဖတ်ကြား ကြေညာသည်။

အစီအစဉ်အရ ဆရာတော် သံဃာတော်များနှင့် ဧည့်ပရိသတ်များက အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ကြပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော် အဘိဓဇ အဂ္ဂမဟာရဋ္ဌဂုရု အဘိဓဇ မဟာသဒ္ဓမ္မဇောတိကမကွေးဆရာတော် ဘဒ္ဒန္တ ကုမာရထံမှ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေတို့ အမှူးပြုသော ပရိသတ်များက ငါးပါးသီလ ခံယူ ဆောက်တည်ကြသည်။

ထို့နောက် နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ အမှူးပြုသော ဆရာတော် သံဃာတော်များက မေတ္တာသုတ် အစရှိသော ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေတို့က နိုင်ငံတော် သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက မကွေးဆရာတော် ဘဒ္ဒန္တကုမာရအား သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများက ဆရာတော် သံဃာတော်များအား သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ဘင်္ဂလားဒေ့ရှ်ဘုရားဖူးအဖွဲ့က ရွှေတိဂုံစေတီတော် ဘက်စုံမွမ်းမံ တည်ဆောက်ရေးအတွက် လှူဒါန်းငွေကျပ် ၅၀၀၀၀၀ နှင့် ရွှေပင်ငွေပင် ရွှေထီး၊ ငွေထီးများ အပါအဝင် ရတနာ ပစ္စည်းတန်ဖိုး ငွေကျပ် ၇၀၀၀၀၀ အပါအဝင် စုစုပေါင်းလှူဒါန်းငွေကျပ် ၁၂၀၀၀၀၀ ကို ဘင်္ဂလားဒေ့ရှ် ဘုရားဖူးအဖွဲ့ ကိုယ်စား မစ္စတာ ရှောမောကန်းတီးဘရူးဝါး (Mr. Sumar Kanti Barua) က ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေထံ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဘင်္ဂလားဒေ့ရှ်ဘုရားဖူးအဖွဲ့က ဘင်္ဂလားဒေ့ရှ်ကျောင်းတိုက် ဆွမ်းပဒေသာပင်အတွက် လှူဒါန်းငွေကျပ် ၃၀၀၀၀၀ ကို ဘုရားဖူးအဖွဲ့ ကိုယ်စား ဒေါ်မနုမေက ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေထံ ပေးအပ်လှူဒါန်းသည်။

ရတနာပစ္စည်းများလှူဒါန်း

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် ဘင်္ဂလားဒေ့ရှ် ဘုရားဖူးအဖွဲ့မှ မစ္စတာ ရှောမောကန်းတီးဘရူးဝါးတို့က ရွှေတိဂုံစေတီတော်အတွက် လှူဒါန်းသော ရွှေပင်၊ ငွေပင်နှင့် ရွှေထီး၊ ငွေထီး ရတနာပစ္စည်းများကို နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့အကျိုးတော်ဆောင်ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြသည်။

ရေစက်သွန်းချအမျှဝေ

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မကွေး ဆရာတော် ဘဒ္ဒန္တကုမာရက လှူဒါန်းမှုအတွက် အနုမောဒနာ တရားဒေသနာတော်ကို ဟောကြားချီးမြှင့်တော်မူပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်ဇနီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေတို့အမှူးပြုသောပရိသတ်များကလှူဒါန်းမှုအစုစုကိုရေစက်သွန်းချ အမျှပေးဝေကြကာ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် အလှူရှင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့်ဇနီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေတို့သည် နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ၊ဘင်္ဂလားဒေ့ရှ် ကျောင်းတိုက် ဘင်္ဂလားဒေ့ရှ် ဆရာတော်နှင့် ပင့်သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

(သတင်းစဉ်)

ဆက်ကပ်လှူဒါန်း

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေ ရန်ကုန်တိုင်း တာမွေမြို့နယ် ဘင်္ဂလားဒေ့ရှ်ကျောင်းတိုက် ဘင်္ဂလားဒေ့ရှ် ဆရာတော် ဘဒ္ဒန္တပညာဇောတ၏ သိက္ခာထပ် အလှူတော်မင်္ဂလာ အခမ်းအနားတွင် ဆရာတော် သံဃာတော်များအား သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

၂၀၀၄ ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့

အမျိုးသားရေးဦးတည်ချက်များ

- ☆ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး။
- ☆ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန် ထွန်းကားရေး။
- ☆ ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး။
- ☆ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး။
- ☆ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

ဖေဖော်ဝါရီ ၆ ရက်က ၂၀၀၄ ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ တက်ရောက်ရန် ရခိုင်ပြည်နယ်မှ ရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိလာရာ ကြိုဆိုသူများနှင့်အတူ တွေ့ရစဉ်။

(သတင်းစဉ်)

၂၀၀၄ ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ပြပွဲ

နေ့ရက် – ၈–၂–၂၀၀၄ မှ ၁၆–၂–၂၀၀၄

အချိန် – နံနက်(၀၉း၀၀)နာရီမှ ညနေ(၁၇း၀၀)နာရီ

နေရာ – တပ်မတော်ခန်းမ၊ ဦးဝိစာရလမ်း၊ ရန်ကုန်မြို့

(မည်သူမဆို အခမဲ့လာရောက်လေ့လာကြည့်ရှုနိုင်ပါသည်။)

မြဝတီရုပ်မြင်သံကြား

၇–၂–၂၀၀၄
(စနေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနှာဝင်
၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဆရာတော် ဦးဃောသိတ တရားတော် **“သဿတဒိဋ္ဌိနှင့်ဥစ္ဆေဒဒိဋ္ဌိများ”**

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ချစ်သူစုံတွဲတူယှဉ်နွဲ
၄း၂၀ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄း၂၅ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄း၃၅ ၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၄၀ ၇။ မြန်မာသံစဉ်ချိုနှာဝင်
၄း၅၀ ၈။ မျိုးချစ်တပ်မတော်
၅း၀၀ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် (က)ပထမနှစ်(ဥပဒေပညာ) (ခ)ပထမနှစ်(ဒဿနိကဗေဒ)
၅း၃၀ ၁၀။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅း၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၃။ နိုင်ငံတကာသတင်း
၆း၂၀ ၁၄။ မိုးလေဝသသတင်း
၆း၂၅ ၁၅။ မြန်မာ့ရှုခင်း
၆း၄၀ ၁၆။ လျှပ်တစ်ပြက်
၇း၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“အချစ်လေပြည်”** (အပိုင်း–၁၄)
၈း၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၀။ လျှပ်တစ်ပြက်
၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၂။ English Premier League ဘောလုံးပွဲ Bolton Vs Liverpool

✡ (၅၇)နှစ်မြောက်မှ

အဆိုပါ ရန်ကုန်ကွန်ပျူတာ တက္ကသိုလ် ပင်မအဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံ ပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ရှေ့နေချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ရန်ကုန်ကွန်ပျူတာ တက္ကသိုလ် ပါမောက္ခချုပ်နှင့် ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဘင်ခရာ၊ ပန်းဖွားနှင့် စည်တော်အဖွဲ့ဝင် ကျောင်းသားကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နံနက် ၇ နာရီ ၄၅ မိနစ်တွင် ဖွင့်ပွဲအခမ်းအနား ကျင်းပသည့် ရန်ကုန်ကွန်ပျူတာ တက္ကသိုလ်သို့ ရောက်ရှိလာရာ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေး အသင်းအဖွဲ့များမှ အရာရှိများ၊ရန်ကုန်ကွန်ပျူတာတက္ကသိုလ် ပါမောက္ခချုပ်နှင့် ဆရာ ဆရာမများ၊ ရန်ကုန်ကွန်ပျူတာတက္ကသိုလ် ကျောင်းသားကျောင်းသူများက ကြိုဆိုကြသည်။

ထို့နောက် ရန်ကုန် ကွန်ပျူတာ တက္ကသိုလ် ပင်မအဆောက်အအုံသစ် ဖွင့်ပွဲ အခမ်းအနား အစီအစဉ်ကို တက္ကသိုလ် ပင်မဆောင်မုခ်ဦးရှေ့၌ စတင်ကျင်းပရာ ရန်ကုန်ကွန်ပျူတာ တက္ကသိုလ် ဒုတိယနှစ် ထူးချွန် ကျောင်းသား မောင်သက်ဦးဟန်နှင့် ဒုတိယနှစ် ထူးချွန်ကျောင်းသူ မသက်မြတ်နိုးလွင်တို့က တိုင်းရင်းသား တိုင်းရင်းသူ၊ ကျောင်းသား ကျောင်းသူများ ခြံရံလျက် ဖဲကြိုးကိုဖြတ်၍ ရန်ကုန်ကွန်ပျူတာတက္ကသိုလ် ပင်မဆောင် အဆောက်အအုံသစ်ကို ဖွင့်လှစ်ပေးကြသည်။

စိုက်ပျိုးပေး

ယင်းနောက် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌနိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ရန်ကုန်ကွန်ပျူတာတက္ကသိုလ် အောင်မြင်စွာ တည်ဆောက်ဖွင့်လှစ်နိုင်ခြင်း အထိမ်းအမှတ်အဖြစ် ရန်ကုန်ကွန်ပျူတာတက္ကသိုလ်၏ မုခ်ဦးရှေ့ရှိ သတ်မှတ်နေရာ အသီးသီးတို့တွင် 'ကံ့ကော်' ပင်များကို စိုက်ပျိုးပေးကြသည်။

အမွှေးနံ့သာ ပက်ဖျန်း

ထို့နောက် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရန်ကုန်ကွန်ပျူတာတက္ကသိုလ် ကမ္ပည်းမော်ကွန်းကြေးပြားကို စက်ခလုပ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်တို့ဖြင့် ပက်ဖျန်းပေးသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက ရန်ကုန်ကွန်ပျူတာ တက္ကသိုလ် ကမ္ပည်းမော်ကွန်းကြေးပြားကို အမွှေးနံ့သာရည်တို့ဖြင့် ပက်ဖျန်းပေးသည်။

ယင်းနောက် ရန်ကုန်ကွန်ပျူတာ တက္ကသိုလ်ဖွင့်ပွဲ အစီအစဉ်ကို ရန်ကုန်ကွန်ပျူတာတက္ကသိုလ် ပင်မဆောင်ရှိ ခန်းမဆောင်၌ဆက်လက်ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် ရန်ကုန်ကွန်ပျူတာ တက္ကသိုလ် ပင်မအဆောက်အအုံသစ်များကို (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဖွင့်လှစ်ခြင်းဖြစ်ကြောင်း။

ယနေ့ ရန်ကုန်ကွန်ပျူတာ တက္ကသိုလ်ကြီးသည် သစ်လွင်ခံ့ညား ထည်ဝါသော ပင်မအဆောက်အအုံကြီးနှင့်တကွ အဆင့်အတန်းမြင့်မားသည့် စာသင်ဆောင်များ၊ စိတ်အေးချမ်းမြေ့ဖွယ် တင့်တယ်သာယာသည့် မြင်ကွင်းများ၊ အဆင့်မြင့်ကွန်ပျူတာ နည်းပညာရပ်များကို အခြေခံသည့် ခေတ်မီ သင်ကြားမှု သင်ယူမှု အထောက်အကူပြုပစ္စည်းများ ပြည့်ဝစုံလင်စွာဖြင့် နိုင်ငံတကာအဆင့်မီ တက္ကသိုလ်ကြီးများ၏ ဂုဏ်အင်္ဂါရပ်များနှင့်အညီ တိုးတက် ဖြစ်ထွန်းလာခဲ့ပြီဖြစ်ကြောင်း။

တိုင်းကျိုးပြည်ဆောင်ဖြစ်ရေး

ဤကဲ့သို့ နိုင်ငံတကာအဆင့်မီ တိုးတက်ဖြစ်ထွန်းလာသည့် အမိကွန်ပျူတာတက္ကသိုလ်ကြီးတွင် အဆင့်မြင့် ပညာရပ်များ လေ့လာဆည်းပူးနေကြသော တက္ကသိုလ်ကျောင်းသား ကျောင်းသူများဖြစ်သည်နှင့် အညီ ခံ့ညားထည်ဝါသော အဆောက်အအုံများနှင့် ခေတ်မီ သင်ကြားမှု သင်ယူမှု အထောက်အကူပြုပစ္စည်းများကို ထိုက်တန်စွာအသုံးချပြီး နိုင်ငံတော်က မျှော်မှန်းသည့် အရည်အသွေးမြင့်မားသော တိုင်းကျိုးပြည်ဆောင် အသိပညာရှင် အတတ်ပညာရှင်များ ဖြစ်လာစေရအောင် အားထုတ်ကြိုးပမ်းသွားကြလိမ့်မည်ဟု ယုံကြည်ထားပါသည်ဟု ပြောကြားလိုကြောင်း။

ယနေ့အချိန်အခါတွင် နိုင်ငံတော်အစိုးရအနေဖြင့် အမိပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးအဖြစ် နိုင်ငံတကာနှင့် ရင်ပေါင်တန်း ရပ်တည်နိုင်စေရအောင် ဘက်စုံကဏ္ဍစုံက စီမံကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း။

အားပြုကြိုးပမ်း

ဤကဲ့သို့ မိမိနိုင်ငံ၊ မိမိလူမျိုးတိုးတက်ကြီးပွားရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် လွတ်လပ်သော အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံအဖြစ် ခိုင်မာတည့်မတ်စွာဖြင့် တင့်တင့်တယ်တယ် ဝင့်ဝင့်ကြွားကြွား ရပ်တည်နိုင်စေရေးဦးတည်ပြီး မိမိနိုင်ငံသူ နိုင်ငံသား အသိပညာရှင် အတတ်ပညာရှင်များ၏ စွမ်းပကားကိုသာ အားပြုလျက် မိမိတို့နိုင်ငံတော်ကို မိမိတို့ တည်ဆောက်နေခြင်းဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် မိမိနိုင်ငံသူ နိုင်ငံသား ပြည်သူများ၏ ကျန်းမာကြံ့ခိုင်သန်စွမ်းမှု၊ နိုင်ငံတကာအဆင့်မီ ပညာရည်မြင့်မားမှု၊ လူမှုရေးဘက်စုံဖွံ့ဖြိုးမှု၊ အမျိုးသားစီးပွားရေးဘဝ တောင့်တင်းခိုင်မာမှု၊ အမျိုးသားရေးစိတ်ဓာတ် မြင့်မားခိုင်ကျည်မှုတို့ကို ဖော်ဆောင်မြှင့်တင်ပေးနိုင်မည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေခံများကို အခိုင်အမာ ကြိုးပမ်း တည်ဆောက်ပေးနေခြင်းဖြစ်ကြောင်း။

စီမံကိန်းစနစ်တကျချမှတ်

အထူးသဖြင့် ယနေ့အချိန်အခါတွင် ပညာရေးသည် ဖွံ့ဖြိုးတိုးတက်မှုအားလုံး၏အခြေခံအကျဆုံးမောင်းနှင်အားဖြစ်လာနေသည့် အချိန်အခါတွင် နိုင်ငံတော်အစိုးရအနေဖြင့် ပညာရေးကဏ္ဍကို အထူးအလေးဂရုပြုပြီး အမျိုးသား ပညာရည်အဆင့်အတန်း နိုင်ငံတကာနှင့် ရင်ပေါင်တန်း တိုးတက်မြင့်မားရေး၊ နိုင်ငံတော်အတွင်း သိပ္ပံနှင့် နည်းပညာရပ်များ အချိန်နှင့်တစ်ပြေးညီ တိုးတက် ဖြစ်ထွန်းရေး၊ အရည်အသွေးမြင့်မားသည့်လူ့စွမ်းအားအရင်းအမြစ်များ နယ်ပယ်ကဏ္ဍစုံတွင် တိုးတက် ပေါ်ထွန်းစေရေးတို့အတွက် အမျိုးသားပညာရည် မြင့်မားရေးစီမံကိန်းများကို စနစ်တကျ ချမှတ်ပြီး အကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

ယနေ့အချိန်အခါတွင် သိပ္ပံနှင့် နည်းပညာများသည် မှန်းဆမရနိုင်သည့်အရှိန်အဟုန်ဖြင့် တစ်ရှိန်ထိုးဖွံ့ဖြိုးတိုးတက်လျက် ရှိနေသကဲ့သို့ ဖွံ့ဖြိုးတိုးတက်မှု နယ်ပယ်ကဏ္ဍစုံတွင်လည်း သိပ္ပံနှင့်နည်းပညာရပ်များသည် လွှမ်းမိုးကြီးစိုးလျက်ရှိနေသည်ကို တွေ့ကြရမည်ဖြစ်ကြောင်း။

အထူးသဖြင့် ကွန်ပျူတာနည်းပညာနှင့် ဆက်သွယ်ရေးဆိုင်ရာနည်း

စာမျက်နှာ ၁၃ သို့

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်အား (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဖွင့်လှစ်သည့် ရန်ကုန်ကွန်ပျူတာတက္ကသိုလ် ပင်မအဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားတွင် ရွှေကျားပျံဆောက်လုပ်ရေးကုမ္ပဏီက မြန်မာနိုင်ငံ ပညာရေးကော်မတီသို့ ငွေကျပ်သိန်း ၂၀၀ တန်ဖိုးရှိ သင်ကြားမှု အထောက်အကူပြု Server နှင့် ဆက်စပ်ပစ္စည်းများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဖွင့်လှစ်သည့် ရန်ကုန်ကွန်ပျူတာတက္ကသိုလ် ပင်မအဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားတွင် ရန်ကုန်ကွန်ပျူတာတက္ကသိုလ် စာသင်ခန်းများ၊ ကွန်ပျူတာခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ကျောင်းသားကျောင်းသူများ လေ့ကျင့်သင်ကြားနေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဖွင့်လှစ်သည့် ရန်ကုန်ကွန်ပျူတာတက္ကသိုလ် ပင်မအဆောက်အအုံသစ်ကို တွေ့ရစဉ်။ (သတင်းစဉ်)

7-2 (12).p65 1 3/23/05, 1:36 PM

စာမျက်နှာ ၁၂ မှ

ပညာများကို အခြေခံထားသည့် ICT ဟုခေါ်သော သတင်းနှင့်ဆက်သွယ်ရေးဆိုင်ရာနည်းပညာရပ်များသည် ကမ္ဘာ့နိုင်ငံအသီးသီးကို ဆက်စပ်ယှက်နွယ်ဖြစ်ပေါ်စေလျက်ရှိသည်သာမက ပညာရေး၊ကျန်းမာရေး၊ လူမှုရေး၊စီးပွားရေး၊ကုန်သွယ်ရေး၊ကာကွယ်ရေးစသည့် နယ်ပယ်စုံကိုပါ တွင်ကျယ်လွှမ်းမိုးလာသည့်အတွက် ကမ္ဘာ့နိုင်ငံများအားလုံးသည် အဆိုပါ တိုးတက်ဖြစ်ထွန်းနေသော သိပ္ပံနှင့်နည်းပညာရပ်များကို မိမိတို့၏ အမျိုးသားရေးအကျိုးစီးပွား ဖော်ဆောင်မြှင့်တင်ရေးတွင် ရယူအသုံးချနိုင်စေရန် အပြိုင်အဆိုင် ကြိုးပမ်းဆောင်ရွက်နေကြသည်ကို တွေ့ရမည်ဖြစ်ကြောင်း။

ဤကဲ့သို့ အခြေအနေအချိန်အခါမျိုးတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အနေဖြင့် သတင်းနှင့်ဆက်သွယ်ရေးဆိုင်ရာနည်းပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အတွင်း ICT ဆိုင်ရာ အခြေခံအဆောက်အအုံများ ဖြစ်ထွန်းလာစေရန်၊ နိုင်ငံတော်အစိုးရဌာနများနှင့်တကွ ပုဂ္ဂလိက ကဏ္ဍတွင်ပါ ICT လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်၊ ICTဆိုင်ရာပညာရှင်များ၊ ကျွမ်းကျင်သူများ၏ အရည်အသွေး တိုးတက်မြင့်မားစေရန်နှင့် ICT ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရန် စနစ်တကျစီမံကိန်းများ ချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

ကွန်ပျူတာကွန်ရက်ထူထောင်

ပညာရေးကဏ္ဍ၌ဆိုလျှင် အခြေခံပညာကဏ္ဍတွင်ရော အဆင့်မြင့်ပညာကဏ္ဍတွင်ပါ ICTနည်းပညာအခြေခံသော Learning Centre များ၊ Resource Centreများ၊ e-Library များ၊ ကွန်ပျူတာကွန်ရက်စနစ်များကို စနစ်တကျ ဖြန့်ကြက်ထူထောင်ထားနိုင်နေပြီဖြစ်ကြောင်း။

ထို့အပြင် နိုင်ငံတော်အတွင်း ICT နည်းပညာအခြေခံသည့် ဆက်သွယ်မှုကွန်ရက်စနစ်များ၊ ICT ဆိုင်ရာ အခြေခံအဆောက်အအုံများ ဖြစ်ထွန်းလာစေရန် MICT Park များကို ရန်ကုန်မြို့တော်နှင့် မန္တလေးမြို့တို့တွင် ထူထောင်ပေးထားပြီးဖြစ်သကဲ့သို့ နိုင်ငံတကာနှင့် ICT ဆိုင်ရာ ဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးမည့် Bagan Cyber Tech & Bagan Teleport တို့ကိုလည်း ထူထောင်ပေးထားပြီးဖြစ်ကြောင်း။

လုပ်ငန်းရှင်များပူးပေါင်း

ထို့ကြောင့်ယခုဆိုလျှင် ICT အခြေခံ အဆောက်အအုံများ၊ ICT အခြေခံသည့် ဝန်ဆောင်မှုစနစ်များ ဖွံ့ဖြိုး တိုးတက်စေရေးအတွက် e-ASEANသတင်းအချက်အလက် အခြေခံအဆောက်အအုံ အကောင်အထည်ဖော် တည်ဆောက်နိုင်စေရန်၊ e-Commerce, e-Government စနစ်များ ထူထောင်နိုင်စေရန် နိုင်ငံတော်အစိုးရဌာန ဆိုင်ရာများနှင့် ပုဂ္ဂလိကကဏ္ဍမှ ပညာရှင်များ၊ လုပ်ငန်းရှင်များ ပူးပေါင်းကြိုးပမ်းဆောင်ရွက်လျက်ရှိနေပြီ ဖြစ်ကြောင်း။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အနေဖြင့် အခြားသော အာဆီယံမိသားစုဝင်နိုင်ငံများနှင့် ပူးပေါင်းပြီး အာဆီယံမိသားစုဝင်နိုင်ငံများအကြား သိပ္ပံနှင့်နည်းပညာကဏ္ဍ၊ ICTကဏ္ဍတို့တွင် ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာစေမည့် အစီအမံများကိုလည်း စနစ်တကျ ချမှတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဖွင့်လှစ်သည့် ရန်ကုန်ကွန်ပျူတာတက္ကသိုလ် ပင်မအဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားတွင် ရန်ကုန်ကွန်ပျူတာတက္ကသိုလ် အောင်မြင်စွာ တည်ဆောက်ဖွင့်လှစ်နိုင်ခြင်း အထိမ်းအမှတ်အဖြစ် ရန်ကုန်ကွန်ပျူတာတက္ကသိုလ်အဝင် မုခ်ဦးရှေ့တွင် ကံ့ကော်ပင်ကို စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

ASEAN Vision 2020 အရ ခရစ်နှစ် ၂၀၂၀ တွင် အာဆီယံနိုင်ငံများအားလုံး ဖွံ့ဖြိုးပြီးနိုင်ငံများ အဖြစ်သို့ ရောက်ရှိစေရေး မျှော်မှန်းချက်နှင့်အညီ ၁၉၉၉ ခုနှစ်ကစတင်၍ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် Hanoi Plan of Action တွင် လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်ရေးနှင့် ပတ်သက်ပြီး ရည်မှန်းချက်များချမှတ်ခဲ့ကြကြောင်း၊ ဤရည်မှန်းချက်များကို ပြန်ပြောရမည်ဆိုလျှင်–

- **သိပ္ပံနှင့် အင်ဂျင်နီယာပညာရှင် လူသားအရင်းအမြစ်များ တိုးတက်များပြားစွာ ပြုစုပျိုးထောင်ရေး၊**
- **စက်မှုလုပ်ငန်းနှင့် ထုတ်လုပ်ရေးလုပ်ငန်းများကို အထောက်အကူပြုမည့် နည်းပညာရှင်များ ပြုစုပျိုးထောင်ရေး၊**
- **အာဆီယံဒေသအတွင်း လူသားအရင်းအမြစ် ပြုစုပျိုးထောင်ရေး သင်တန်းများ ဖွင့်လှစ်ရေးနှင့်**
- **နည်းပညာရှင်များ၏ အရည်အချင်းကို အပြန်အလှန် အသိအမှတ်ပြုရေးနှင့် အာဆီယံဒေသအတွင်း အပြန်အလှန်သွားရောက်အလုပ်လုပ်ကိုင်နိုင်ရေး**

တို့ဖြစ်ကြကြောင်း။

ဤရည်မှန်းချက်များကို အကောင်အထည်ဖော်နိုင်အောင် အာဆီယံနိုင်ငံများအားလုံး တက်ညီလက်ညီကြိုးပမ်းဆောင်ရွက်နေကြပြီဖြစ်ကြောင်း။

လုပ်ငန်းစဉ်များချမှတ်

ယခုပြီးစီးခဲ့သော ၂၀၀၃ ခုနှစ် အောက်တိုဘာအတွင်းက အင်ဒိုနီးရှားနိုင်ငံ ဘာလီမြို့တွင် ကျင်းပခဲ့သည့် နဝမအကြိမ်မြောက် အာဆီယံထိပ်သီးညီလာခံ၌ချမှတ်ခဲ့သည့် Bali Concord IIတွင်ဆိုလျှင်လည်း အာဆီယံအဖွဲ့ကြီး၏ရေရှည်မျှော်မှန်းချက်များကို လုံခြုံရေးအသိုက်အဝန်း၊ စီးပွားရေးအသိုက်အဝန်းနှင့် လူမှုရေးနှင့် ယဉ်ကျေးမှု အသိုက်အဝန်းဆိုသည့် မဏ္ဍိုင်ကြီး (Pillars) သုံးရပ်အပေါ် အခြေခံတည်ဆောက်အကောင်အထည်ဖော်သွားရန် စီမံခဲ့ကြကြောင်း၊ လူမှုရေးနှင့် ယဉ်ကျေးမှုအသိုက်အဝန်းဆိုသည့် မဏ္ဍိုင်ကြီးတွင် နည်းပညာဖွံ့ဖြိုးမှုဆိုင်ရာ လုပ်ငန်းစဉ်များကို ထည့်သွင်း ချမှတ်ထားကြောင်း။

ထို့အပြင် အာဆီယံအဖွဲ့ဝင်သစ်နိုင်ငံများဖြစ်သည့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့်ဗီယက်နမ်နိုင်ငံတို့ကို အခြားသော အာဆီယံနိုင်ငံများနှင့် ဖွံ့ဖြိုးတိုးတက်မှုကွာဟချက်ကျဉ်းမြောင်းပပျောက်စေရေးအတွက် မျှော်မှန်းပြီး အားပေးကူညီ ဆောင်ရွက်သွားမည့် Initiative for ASEAN Integration (IAI) ဆိုသည့် Work Planကို ထပ်မံချမှတ်ခဲ့ကြောင်း၊ ထို Work Plan မှာ–

- **(Information and Communication Technology) သတင်း ဆက်သွယ်ရေးဆိုင်ရာ နည်းပညာ(ICT)**
- **အခြေခံအဆောက်အအုံ (Infrastructure)**
- **(Human Resource Development) လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှု(HRD)**
- **စီးပွားရေးကဏ္ဍ ပေါင်းစည်းမှု (Economic Integration)**

ဆိုသည့်ကဏ္ဍကြီးလေးရပ်ကိုသတ်မှတ်ဆောင်ရွက်ကြရန် သဘောတူညီခဲ့ကြကြောင်း။

အိုင်စီတီကဏ္ဍဦးဆောင်

ထို(Work Plan)စီမံကိန်းများကို ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန်ကဏ္ဍများအလိုက် ဦးဆောင် ဆောင်ရွက်သွားမည့် နိုင်ငံအလိုက် Country Co-Ordimators များ သတ်မှတ်တာဝန်ပေးအပ်ရာတွင် မြန်မာနိုင်ငံကို ICTကဏ္ဍနှင့်ပတ်သက်ပြီး ဦးဆောင်သွားရန် တာဝန်အပ်နှင်းခြင်း ခံရကြောင်း။

ထို့ကြောင့် နိုင်ငံတော်အနေဖြင့် ICT ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပင်မစီမံကိန်း (Master Plan) တစ်ရပ် ချမှတ်ပြီး စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်နေသည့် နည်းတူ ဒေသတွင်း နိုင်ငံများ၊ အာဆီယံနိုင်ငံများနှင့်လည်း ပူးပေါင်း မြှင့်တင်ဆောင်ရွက်နေသည့် အချိန်အခါဖြစ်ကြောင်း၊ ထို့အပြင် နိုင်ငံတော်အတွင်း နည်းပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ နည်းပညာဆိုင်ရာ လူ့စွမ်းအား အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက်လည်း ပညာရေးကဏ္ဍတွင် စနစ်တကျ စီမံကိန်းများချမှတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

ဥပမာအားဖြင့် ပြောရမည်ဆိုလျှင် ကွန်ပျူတာပညာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်ပြီး ကွန်ပျူတာတက္ကသိုလ်နှင့် ကောလိပ်များ တိုးချဲ့ထူထောင်ပေးမှုများ၊ ကွန်ပျူတာဆိုင်ရာ မဟာဘွဲ့သင်တန်းများ၊ ပါရဂူဘွဲ့သင်တန်းများ တိုးချဲ့ဖွင့်လှစ်ပေးမှုများ၊ အဆင့်မြင့် ကွန်ပျူတာ နည်းပညာအခြေခံသည့်နိုင်ငံတကာအဆင့်မီ သင်ကြားမှု သင်ယူမှု အထောက်အကူပြု ပစ္စည်းများ တပ်ဆင်ပေးမှုများကို စနစ်တကျ စီမံဆောင်ရွက်ပေးလျက်လည်းရှိကြောင်း။

ယင်းကဲ့သို့ နိုင်ငံတော်အစိုးရအနေဖြင့် ICT နည်းပညာများ၊ ကွန်ပျူတာနည်းပညာများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအဆောက်အအုံများနှင့်တကွ ပီပြင်ခိုင်မာသည့် အစီအမံများ ဘက်စုံကဏ္ဍစုံတွင် ချမှတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့်အတွက် ယခုဆိုလျှင် နိုင်ငံတော်အတွင်း၌ ICT ဆိုင်ရာ အခြေခံအဆောက်အအုံများ၊ ICT ဖွံ့ဖြိုးတိုးတက်စေမည့် ပညာရေးဆိုင်ရာ အခြေခံအဆောက်အအုံများ၊ ICTအခြေခံသည့် စီးပွားရေးလုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများ စတင်ဖြစ်ထွန်းနေပြီ ဖြစ်ကြောင်း။

တက်ကြွစွာပါဝင်

ဤကဲ့သို့ အခြေအနေ အချိန်အခါကောင်းတွင် နိုင်ငံတော်အစိုးရ၏ မွန်မြတ်မြင့်မားသည့် နည်းပညာကဏ္ဍဆိုင်ရာ မျှော်မှန်းချက်များ အောင်မြင်ဖြစ်ထွန်းရေးအတွက် ကွန်ပျူတာတက္ကသိုလ်၊ ကောလိပ်များက ဆရာ ဆရာမများ၊ ကျောင်းသူ ကျောင်းသားများကလည်း ကွန်ပျူတာနည်းပညာရပ်များ ခေတ်ကာလနှင့်လျော်ညီစွာ အချိန်နှင့်တစ်ပြေးညီ တိုးတက်ဖြစ်ထွန်းရေး၊ ကွန်ပျူတာနည်းပညာဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တက်ကြွစွာ ပါဝင်ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်သည်ဟု ပြောကြားလိုကြောင်း။

ICT နည်းပညာရပ်များ မျှော်မှန်းချက်နှင့်အညီ တိုးတက်ဖြစ်ထွန်းပြီး အခြားသော အာဆီယံ မိသားစုဝင်နိုင်ငံများ၏ နည်းပညာဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများနှင့် လိုက်လျောညီထွေဖြစ်သည့်အပြင် နိုင်ငံတကာနှင့် ရင်ပေါင်တန်း တိုးတက်ဖြစ်ထွန်းစေရအောင် အရှိန်အဟုန်ဖြင့် ဆက်လက်ကြိုးပမ်း ဆောင်ရွက်ကြရန်လည်း လိုအပ်မည်ဖြစ်ကြောင်း။

လေ့ကျင့်ပျိုးထောင်

ယနေ့အချိန်အခါတွင် နိုင်ငံတော်အစိုးရအနေဖြင့် အနာဂတ်ကို မျှော်မှန်းပြီး ပညာရေးမြှင့်တင်မှု အစီအစဉ်များ၊ အမျိုးသားပညာရည်မြင့်မားရေးအစီအမံများ၊ သိပ္ပံနှင့်နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအခြေခံကောင်းများ တည်ဆောက်ပေးပြီး ယနေ့ကျောင်းသူကျောင်းသား လူငယ်များကို အနာဂတ်တွင် ရင်ဆိုင်ကြုံတွေ့ရမည့် နည်းပညာရပ်ဆိုင်ရာ စိန်ခေါ်မှုအမျိုးမျိုးကို ဖြေရှင်းကျော်လွှားနိုင်စေရန် လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိကြောင်း။

ထို့ကြောင့် နိုင်ငံတော်အစိုးရက မျိုးဆက်သစ် လူငယ်များအပေါ်ထားရှိသည့် မွန်မြတ်မြင့်မားသော မျှော်မှန်းချက်များ၊ဖြူစင်မွန်မြတ်သော စေတနာများ လက်တွေ့အကောင်အထည်ပေါ်ဖြစ်ထွန်းလာစေရန် လူငယ်များဖြစ်ကြသည့် မောင်တို့မယ်တို့ ကိုယ်တိုင်နှင့် အနီးကပ်လေ့ကျင့်ပျိုးထောင်ပေးနေသည့် တက္ကသိုလ်၊ ကောလိပ်အသီးသီးက ဆရာ ဆရာမများကပါ တက်ကြွသောအားမာန်ဖြင့် ဝီရိယစိုက်ထုတ် ကြိုးပမ်းဆောင်ရွက်ပေးကြပါဟု မှာကြားလိုကြောင်း။

ရန်ကုန်ကွန်ပျူတာတက္ကသိုလ်ကြီး၏အေးမြသည့်အရိပ်အာဝါသတွင် ပညာ လေ့လာဆည်းပူးနေကြသည့် ကျောင်းသူကျောင်းသား မောင်တို့မယ်တို့ကလည်း ယနေ့ပေါ်ထွန်းလာပြီဖြစ်သည့် သစ်လွင်ခံ့ညားထည်ဝါသော တက္ကသိုလ်အဆောက်အအုံသစ်ကြီးနှင့်တကွ နိုင်ငံတကာအဆင့်မီ သင်ကြားမှု၊သင်ယူမှုဆိုင်ရာအထောက်အကူပြု ပစ္စည်းများကို အကျိုးရှိစွာ အသုံးပြုပြီး စိတ်အေးချမ်းမြေ့စွာဖြင့် ပညာဆည်းပူးလေ့လာရင်း အနာဂတ်ကာလတွင် အရည်အသွေး မြင့်မားသည့် တိုင်းကျိုးပြည်ဆောင် အသိပညာရှင် အတတ်ပညာရှင်များ၊ အမျိုးသားရေးစိတ်ဓာတ် ထက်သန်ခိုင်မာသည့် နိုင်ငံ့သားကောင်း သမီးမွန်များ ဖြစ်လာစေရအောင် အားထုတ်ကြိုးပမ်းသွားကြပါဟု တိုက်တွန်းမှာကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ ကွန်ပျူတာတက္ကသိုလ် ကျောင်းတော်သူ ကျောင်းတော်သားများအနေဖြင့်–

- **ယနေ့ ပေါ်ထွန်းလာသည့် ကွန်ပျူတာတက္ကသိုလ် ကျောင်းတော်သစ်ကြီးတွင် အဆင့်မြင့် ကွန်ပျူတာနည်းပညာရပ်များကို ပျော်ရွှင်ချမ်းမြေ့စွာ သင်ယူ ဆည်းပူးလေ့လာရင်း နိုင်ငံတော်အတွင်း ICT နည်းပညာ ဖွံ့ဖြိုးတိုးတက်မှု၌ ဦးဆောင်နိုင်သည့် အသိပညာရှင်များ၊ အတတ်ပညာရှင်များ ဖြစ်လာကြပါစေ၊**
- **အမိရန်ကုန်ကွန်ပျူတာ တက္ကသိုလ်ကြီးကို နိုင်ငံတော်အတွက် လိုအပ်နေသည့် သိပ္ပံနှင့်နည်းပညာ ဖွံ့ဖြိုးတိုးတက်မှု၊ အရည်အသွေးမြင့်မားသည့် လူ့စွမ်းအား အရင်းအမြစ်များ ပြုစုပျိုးထောင်မွေးထုတ်ပေးမှုတို့အတွက် အားထားဖွယ်ရာ နိုင်ငံတကာအဆင့်မီ တက္ကသိုလ်ကြီးအဖြစ် ထာဝရ တင့်တယ် ထည်ဝါစွာ ရပ်တည်နိုင်စေရအောင်ဝိုင်းဝန်းစွမ်းဆောင်ပေးနိုင်ကြပါစေ။**

ဟု ဆန္ဒပြုရင်း နိဂုံးချုပ်လိုက်ပါကြောင်းဖြင့် ပြောကြားသွားသည်။

ယင်းနောက် ရန်ကုန်ကွန်ပျူတာတက္ကသိုလ် ကွန်ပျူတာနည်းပညာ တတိယနှစ်ကျောင်းသား မောင်သီဟလှိုင်ထွန်းက ရန်ကုန်ကွန်ပျူတာတက္ကသိုလ် တည်ဆောက်ဖွင့်လှစ်ပေးခြင်းအတွက် ကျောင်းသားကျောင်းသူများကိုယ်စား ကျေးဇူးတင်ဝမ်းမြောက်စကား ပြောကြားသည်။

ထို့နောက် ရွှေကျားပျံဆောက်လုပ်ရေးကုမ္ပဏီ ဥက္ကဋ္ဌ ဦးကျော်ညွန့်နှင့် မန်နေဂျင်းဒါရိုက်တာ ဒေါက်တာဖော်ထွန်းတို့က မြန်မာနိုင်ငံ ပညာရေးကော်မတီသို့ ငွေကျပ် သိန်း ၂၀၀ တန်ဖိုးရှိ သင်ကြားမှု အထောက်အကူပြု Serverနှင့် ဆက်စပ်ပစ္စည်းများကို ပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်က လက်ခံသည်။

လွှဲပြောင်းပေးအပ်

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ရွှေကျားပျံဆောက်လုပ်ရေးကုမ္ပဏီက လှူဒါန်းသည့် သင်ကြားမှု အထောက်အကူပြု Serverနှင့် ဆက်စပ်ပစ္စည်းများကို ရန်ကုန်ကွန်ပျူတာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာပိုက်တင်ထံ လွှဲပြောင်းပေးအပ်လိုက်သည်။

လေ့ကျင့်သင်ကြားမှုကြည့်ရှု

ယင်းနောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ရန်ကုန်ကွန်ပျူတာတက္ကသိုလ် စာသင်ခန်းများ၊ ကွန်ပျူတာခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ကျောင်းသားကျောင်းသူများ လေ့ကျင့်သင်ကြားနေမှုကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရန်ကုန်ကွန်ပျူတာတက္ကသိုလ် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခများ၊ ကထိကများ၊ လက်ထောက်ကထိကများ၊ နည်းပြ/သရုပ်ပြ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့် အတူ ရန်ကုန်ကွန်ပျူတာတက္ကသိုလ် ပင်မအအောက်အအုံသစ်မုခ်ဦးဆောင်ရှေ့၌ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယနေ့ဖွင့်လှစ်သည့် ရန်ကုန်ကွန်ပျူတာတက္ကသိုလ်ပင်မအဆောက်အအုံသစ်ကို ၂၀၀၂ ခုနှစ် စက်တင်ဘာ ၁ ရက်တွင် ပန္နက်တင်၍ စတင်တည်ဆောက်ခဲ့ပြီး တည်ဆောက်ရေးလုပ်ငန်းများပြီးစီး၍ ယနေ့ဖွင့်လှစ်ခြင်းဖြစ်သည်။ရန်ကုန်ကွန်ပျူတာတက္ကသိုလ်တွင် သုံးထပ်ပင်မအဆောက်အအုံ တစ်လုံး၊ စာသင်ဆောင် (Type-A) နှစ်လုံး၊ စာသင်ဆောင် (Type-B) နှစ်လုံး၊ ကွန်ပျူတာခန်းမဆောင်တစ်ဆောင်၊ စာသင်ခန်းမ(Lecture Hall)နှစ်ခု၊စားသောက်ဆိုင်နှစ်ဆောင်ပါဝင်ပြီး ဒုတိယအဆင့်တည်ဆောက်ရေးလုပ်ငန်းများအဖြစ် ကျား/မ နားနေဆောင်နှစ်လုံးနှင့် သုံးထပ်စာသင်ဆောင်(Type-C) တစ်လုံးဆက်လက်တည်ဆောက်လျက်ရှိရာ ၈၅ရာခိုင်နှုန်းပြီးစီးနေပြီ ဖြစ်သည်။

တစ်ပြိုင်တည်းသင်ကြား

ရန်ကုန်ကွန်ပျူတာတက္ကသိုလ်ရှိ စာသင်ခန်း ၅၈ ခန်း၌ တစ်ခန်းလျှင် ကျောင်းသားကျောင်းသူ ၆၀ ခန့်ဖြင့် ကျောင်းသား ကျောင်းသူ ၃၄၈၀၊ စာသင်ခန်းမကြီး တစ်ခန်းလျှင် ကျောင်းသားကျောင်းသူ ၃၀၀ ဖြင့် နှစ်ခန်းတွင် ကျောင်းသားကျောင်းသူ ၆၀၀စုစုပေါင်း ကျောင်းသားကျောင်းသူ ၄၀၈၀ ကိုလည်းကောင်း၊ ကွန်ပျူတာဆောင်၌ သင်ကြားရေးဆိုင်ရာ ကွန်ပျူတာခန်းမ လေးခန်းဖွဲ့စည်းထားပြီး တစ်ခန်းလျှင် ကွန်ပျူတာအလုံး ၁၀၀ စုစုပေါင်းကွန်ပျူတာ အလုံး ၄၀၀ဖြင့် ကျောင်းသားကျောင်းသူ ၄၀၀ ကိုလည်းကောင်း တစ်ပြိုင်တည်း သင်ကြားနိုင်ရန် စီစဉ်ထားကြောင်း သိရသည်။

(သတင်းစဉ်)

နိုင်ငံတော်အဆင့်အနာကြီးရောဂါကင်းဝေးရေး အောင်မြင်မှုရရှိခဲ့သည့်အထိမ်းအမှတ် အခမ်းအနားကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၆

၂၀၀၃ ခုနှစ် ဖေဖော်ဝါရီလတွင် နိုင်ငံတော်အဆင့် အနာကြီးရောဂါ ကင်းဝေးရေးအောင်မြင်မှုရရှိခဲ့သည့် အထိမ်းအမှတ်အဖြစ် ကျန်းမာရေးဝန်ကြီးဌာနက ပထမအကြိမ်ကျင်းပသော အနာကြီးရောဂါကင်းဝေးရေးအထိမ်းအမှတ်နေ့ အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်း ဗဟိုဌာနအဆောက်အအုံ ခန်းမ၌ကျင်းပရာ ကျန်းမာရေးဝန်ကြီး ဌာန ဝန်ကြီး၏သဝဏ်လွှာကို ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝမ်းမောင်က ဖတ်ကြားသည်။

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာနနှင့် နီးနွယ်သောဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးစိုးဝင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဆေးရုံအုပ်ကြီးများနှင့် တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ JICAအဖွဲ့မှ ကိုယ်စားလှယ်များ၊ ပြည်နယ်နှင့် တိုင်းကျန်းမာရေးဦးစီးဌာနများမှ ကိုယ်စားလှယ်များ၊အနာကြီးရောဂါကင်းဝေးရေး စီမံချက်တွင် ပါဝင်ဆောင်ရွက်ခဲ့သော အခြေခံကျန်းမာရေးဝန်ထမ်းများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့် ပေးပို့သော သဝဏ်လွှာကိုကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝမ်းမောင်က ဖတ်ကြားသည်။

ပြသထား

ထို့နောက် ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝမ်းမောင်နှင့် ဧည့်သည်တော်များသည် အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်း ဗဟိုဌာနအဆောက်အအုံ ဧည့်ကြိုဆောင်၌ခင်းကျင်းပြသထားသော အနာကြီးရောဂါကင်းဝေးရေး အထိမ်းအမှတ်နေ့ပြခန်းကို လှည့်လည်ကြည့်ရှုအားပေးသည်။

ပြခန်းတွင် အနာကြီးရောဂါကင်းဝေးရေးအတွက် နိုင်ငံတော်၏ ဦးဆောင်မှုကဏ္ဍ၊ တတိယအကြိမ်မြောက် တစ်ကမ္ဘာလုံးဆိုင်ရာ အနာကြီးရောဂါကင်းဝေးရေးအစည်းအဝေး အသိပညာပေးရက်သတ္တပတ် လုပ်ငန်းဆောင်ရွက်မှု၊ အခြေခံကျန်းမာရေးဝန်ထမ်းများနှင့် JICAအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သည့် အနာကြီးရောဂါကင်းဝေးရေးလုပ်ငန်းစီမံချက် အကောင်အထည်ဖော်မှု၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှု၊ အနာကြီးရောဂါနှင့် မိသားစုအတွက် လူမှုရေးပြန်လည်ထူထောင်ရေးလုပ်ငန်းများ၊ ကိုယ်ခန္ဓာချို့ယွင်းမှုကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပြသထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

(၅၇)နှစ်မြောက်ပြည်ထောင်စုနေ့ တိုင်းရင်းသားရိုးရာနှင့်ပဒေသာကပွဲတင်ဆက်မည်

ရန်ကုန် ဖေဖော်ဝါရီ ၆

၂၀၀၄ ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံးတို့ပူးပေါင်းစီစဉ်သည့် ပြည်ထောင်စုပဒေသာကပွဲကြီးကို ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ဖေဖော်ဝါရီ ၁၃ ရက်နှင့် ၁၄ ရက်ည ၇ နာရီတွင် ကပြဖျော်ဖြေမည်ဖြစ်သည်။

ပြည်ထောင်စု ပဒေသာကပွဲကြီးတွင် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကများ၊ တေးသရုပ်ဖော်၊ တေးဂီတသီဆိုဖျော်ဖြေမှုအစီအစဉ်၊ ဟာသတစ်ခန်းရပ် အစီအစဉ်တို့ ပါဝင်မည်ဖြစ်သည်။ ဂီတမှူး အကယ်ဒမီဂီတလုလင်မောင်ကိုကို စီစဉ်တင်ဆက်သည့် တေးဂီတဖျော်ဖြေမှုအစီအစဉ်တွင် အဆိုတော်ကိုမင်းနောင်၊ ခနုဖြူ၊ စိုးသိန်း၊ မျိုးမြင့်လေး၊ တင်ဦးလေး၊ သန်းမြတ်စိုး၊ ကေတုဝင်းထွဋ်၊ ရန်ပိုင်စိုး၊ တင်တင်မြ၊ ထား၊ ချိုပြုံး၊ ရီရီသန့်၊ မိမိဝင်းဖေ၊ နယဉ်သန်းဝင်း၊ မျိုးသန္တာထွန်း၊ ရတနာဦး၊ စိုးစန္ဒာထွန်းတို့က တေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

ဂီတစာဆိုပြဇာတ်ဒါရိုက်တာ ဗိုလ်ကလေးတင့်အောင်၏ အသွင်ထူးပြီးရွှင်မြူးစေမည့် ဟာသတစ်ခန်းရပ်ပြဇာတ်တွင် ခန့်စည်သူ၊ အကယ်ဒမီမျိုးသန္တာထွန်း၊ ဒေါ်နွဲ့နွဲ့စန်း၊ ဦးစိန်ရိုး၊ ကုသိုလ်၊ အရိုင်း၊ ငှက်ပျောကြော်၊ ကင်းကောင်၊ ပိုးဖြူ၊ ညီရှော်၊ ထူးသာ၊ ညောင်ညောင်၊ တက္ကသိုလ်ဝွမ်းပုံ၊ အေးအေးခိုင်၊ ဘိုမ၊ ကစ်ကစ်၊ ကြူကြူသင်း အစရှိသည့် အနုပညာရှင်များ ပါဝင်ကြမည်ဖြစ်သည်။

တေးသရုပ်ဖော်ကဏ္ဍတွင် ထူးခြားဆန်းသစ်သော တေးသရုပ်ဖော်အစီအစဉ်များ ပါဝင်မည်ဖြစ်သည်။ ပွဲကြည့်ပရိသတ်များ သွားလာရေးအဆင်ပြေစေရန် မော်တော်ယာဉ်များ စီစဉ်ထားကြောင်း သိရသည်။ ကြိုတင်လက်မှတ်များကို ဖေဖော်ဝါရီ၉ ရက်မှ စ၍ အမျိုးသားဇာတ်ရုံ မြို့မကျောင်းလမ်း၌ ရောင်းချပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လေးမျက်နှာပရဟိတသို့ ငွေလှူဒါန်းမည်

ရန်ကုန် ဖေဖော်ဝါရီ ၆

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ရေဝတီတိုင်းလေးမျက်နှာ ပရဟိတဂေဟာရှိ နယ်စပ်ဒေသအသီးသီးမှတိုင်းရင်းသားကလေးငယ်များအတွက် အဋ္ဌမအကြိမ် ငွေလှူဒါန်းပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ရက် မွန်းတည့် ၁၂နာရီတွင် မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ (၇၇) တောရတပ်ဦးကျောင်း စဉ့်ကူရပ် အောင်ဆန်းမြို့၌ ကျင်းပမည်ဖြစ်ရာ စေတနာရှင်များအနေဖြင့် အောင်ဆန်းတောရတပ်ဦးကျောင်း ဖုန်း-၆၄၁၉၆၆သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

အသက်(၁၈)နှစ်အောက်ဘင်းမ်စတက်ဘောလုံးပြိုင်ပွဲ မြန်မာလူငယ်အုပ်စုပထမဖြင့်အကြိုဗိုလ်လုပွဲတက်

ရန်ကုန် ဖေဖော်ဝါရီ ၆

ပထမအကြိမ် အသက်(၁၈)နှစ်အောက် ဘင်းမ်စတက်(BIMST.EC) လူငယ်ဘောလုံးပြိုင်ပွဲကို ထိုင်းနိုင်ငံ ဖူးကတ်မြို့၌ကျင်းပလျက်ရှိရာ ယနေ့ညနေပိုင်းတွင် အုပ်စု(ခ)မှ မြန်မာလူငယ်အသင်းက ဘူတန်လူငယ် အသင်းကို ငါးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

မြန်မာလူငယ်အသင်းသည် ပထမပိုင်းတွင် နှစ်ဂိုးအသာဖြင့် ဦးဆောင်ကစားပြီး ဒုတိယပိုင်းတွင် သုံးဂိုး ထပ်မံသွင်းယူကာ ငါးဂိုးပြတ် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ မြန်မာလူငယ်အသင်းအတွက် အနိုင်ဂိုးများကို ထွန်းမင်းဦးက သုံးဂိုး၊ ကျော်ကျော်စိုးက နှစ်ဂိုး သွင်းယူပေးသည်။

အုပ်စုပထမ

အုပ်စု(ခ)တွင် နီပေါလူငယ်အသင်း ပြိုင်ပွဲမှနုတ်ထွက်သွားသဖြင့် မြန်မာလူငယ်၊ အိန္ဒိယလူငယ်နှင့် ဘူတန်လူငယ်တို့ သုံးသင်းသာ ယှဉ်ပြိုင်ကစားခဲ့ရသည်။ အိန္ဒိယလူငယ်က ဘူတန်လူငယ်ကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ မြန်မာလူငယ်နှင့် အိန္ဒိယလူငယ်တို့ တစ်ပွဲနိုင်၊ တစ်ပွဲသရေ လေးမှတ်စီ တူညီသော်လည်း ဂိုးကွာခြားချက်အရ မြန်မာလူငယ်အသင်း အုပ်စုပထမရရှိပြီး အိန္ဒိယလူငယ်အသင်းက အုပ်စုဒုတိယ ရရှိသွားသည်။

အကြိုဗိုလ်လုပွဲ

ဖေဖော်ဝါရီ ၇ရက် (ယနေ့)ညနေပိုင်းတွင် အကြိုဗိုလ်လုပွဲစဉ်များကို ဆက်လက်ကျင်းပမည်ဖြစ်ရာ ဒေသစံတော်ချိန် ညနေ ၄ နာရီတွင် မြန်မာလူငယ်အသင်းနှင့် ဘင်္ဂလားဒေ့ရှ်လူငယ်အသင်း၊ ဒေသစံတော်ချိန် ညနေ ၆ နာရီတွင် ထိုင်းလူငယ်အသင်းနှင့် အိန္ဒိယလူငယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

မဇ္ဈိမဂုဏ်ရည်ဆရာတော် ဓမ္မသဘင်

ရန်ကုန် ဖေဖော်ဝါရီ ၆

သာကေတမြို့နယ် တိုင်းရင်းသားကျေးရွာအနီးရှိမဇ္ဈိမဂုဏ်ရည် မဟာစည်သာသနာ့ရိပ်သာကြီး၏ ပဓာနနာယက သာသန တက္ကသီလ ဓမ္မာစရိယ ဒေါက်တာ အရှင်ကောဝိဒအရှင်သူမြတ်သည် ဖေဖော်ဝါရီ ၁၁၊ ၁၂ ရက်များတွင် ညောင်တုန်းမြို့ သုဓမ္မာပရိယတ္တိ စာမေးပွဲဓမ္မသဘင်၌လည်းကောင်း၊ ဖေဖော်ဝါရီ ၁၄ ရက် ည ၇နာရီတွင် ဒေါပုံမြို့နယ် ရွှေဖူးမြော်လမ်း မြို့မဓမ္မာရုံ၌လည်းကောင်း၊ ဖေဖော်ဝါရီ ၁၈ ရက် ည ၇နာရီတွင် မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်တောရကျောင်းတိုက် ဓမ္မသဘင်၌ လည်းကောင်း၊ ဖေဖော်ဝါရီ ၁၉ ရက် ည ၇ နာရီတွင်ရွှေပြည်သာမလွန်ဆန်လှူအသင်းထောက် ဓမ္မသဘင်၌လည်းကောင်း၊ ဖေဖော်ဝါရီ ၂၁ ရက် ည ၇နာရီခွဲတွင် ဇလွန်မြို့မာရ်အောင်မြင်ပြည်တော်ပြန်ဘုရားကြီးဝင်း ကိုးဘုံတန်ဆောင်းတော်ကြီး၌လည်းကောင်း နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ကြောင်းသိရသည်။ **(က-ပ)**

မြန်မာ့ရုပ်မြင်သံကြား

၇-၂-၂၀၀၄
(စနေနေ့)
နံနက်ပိုင်း:

၇:၀၀ ၁။ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၁၅ ၂။ တိပိဋကရေ ဓမ္မဘဏ္ဍာ ဂါရိက အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ယောဆရာတော်-ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၄။ နံနက်ခင်းသတင်း
၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၆။ စားကြမယ်ဟော့ကောင်းကောင်း
၈:၀၅ ၇။ (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၈:၁၅ ၈။ အကပြိုင်ပွဲ
၈:၂၀ ၉။ ရွှေလီတံတား
၈:၃၀ ၁၀။ International News
၈:၄၅ ၁၁။ Grammar Made Easy

နေ့လယ်ပိုင်း:

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
၁၁:၃၀ ၃။ ပြည်တွင်းသတင်း
၁၁:၄၀ ၄။ ချစ်စရာ့အရွယ် ကစားကြမယ်
၁၂:၀၅ ၅။ တစ်ပတ်အတွင်း ရုပ်မြင်သံကြားပြည်တွင်းသတင်းစဉ်
၁၃:၀၅ ၆။ နိုင်ငံခြားဇာတ်လမ်းတွဲ "နက်ရှိုင်းမေတ္တာ"(အပိုင်း-၁၃)
၁၃:၃၅ ၇။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
၁၃:၄၀ ၈။ ရုပ်မြင်သံကြားဇာတ်လမ်း **"ရေပြင်ညီ"** (ရန်အောင်၊ ခိုင်သင်းကြည်၊ သစ္စာဝင့်ထည်၊သူသူဟံသာ) (ဒါရိုက်တာ-သက်တင်)
၁၄:၄၅ ၉။ International News

ညပိုင်း:

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ English For Everyday Use
၁၆:၄၅ ၄။ (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၁၆:၅၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ်(ရုက္ခဗေဒ၊သတ္တဗေဒ အထူးပြုများ) (သတ္တဗေဒ)
၁၇:၁၀ ၆။ ကယားရိုးရာဝတ်စားဆင်ယင်မှု
၁၇:၁၅ ၇။ မအီချောင်းတံတား
၁၇:၂၀ ၈။ (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၁၇:၃၅ ၉။ တေးဂီတအစီအစဉ်
၁၇:၄၅ ၁၀။ ရခိုင်ပြည်နယ် ယဉ်ကျေးမှု ပြတိုက်
၁၇:၅၅ ၁၁။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၈:၂၀ ၁၂။ စားကြမယ်ဟော့ကောင်းကောင်း
၁၈:၃၀ ၁၃။ ညနေခင်းသတင်း
၁၉:၀၀ ၁၄။ မိုးလေဝသအခြေအနေ
၁၉:၀၅ ၁၅။ Discovery
၁၉:၁၅ ၁၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **"မိုးမြေဆုံးစေတော့ကွယ်"** (အပိုင်း-၁၅)
၁၉:၄၀ ၁၇။ ပြည်ထောင်စု စိတ်ဓာတ် မပြတ်ရင့်သန်ခိုင်မာရန်မှာ ဒို့ဝန်တာ "မွန်ပြည်နယ်"(အပိုင်း-၂)
၂၀:၀၀ ၁၈။ ပြည်တွင်းသတင်း
၁၉။ နိုင်ငံတကာသတင်းများ
၂၀။ မိုးလေဝသအခြေအနေ
၂၁။ ရုပ်မြင်သံကြားဇာတ်လမ်း **"ပိုင်နိုင်ခိုင်မြဲအောင်"** (ခန့်စည်သူ၊ ထွန်းထွန်းဝင်း၊ ထင်ပေါ်၊ မျိုးစန္ဒီကျော်၊ငွေစင်သွန်း၊ သူသူဟံသာ) (ဒါရိုက်တာ-သက်တင်)

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့တွင် အသုံးပြုရန်လိုအပ်သောစက်ပစ္စည်းများဝယ်ယူရန်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနတို့တွင် အသုံးပြုရန်အတွက် အောက်ဖော်ပြပါ စက်ပစ္စည်းများ ဝယ်ယူလိုပါသည်။

(က) မြန်မာ့အသံနှင့် ရုပ်မြင်သံကြား

Item	Description	Qty
(1)	Cylinder Assembly.V.00015000B Model:TASCAM DA-30 MK II	2 Nos
(2)	Record/Playback Head Model: TASCAM 122 MK II	2 Nos
(3)	Record/Playback Head 578301800 Model:TASCAM BR-20 N	2 Nos

(ခ) ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

Item	Description
(1)	Noritsu QSS-2901 Digital C/W . 135/240 Auto Film Carrier 120 Auto Film Carrier Digital ICE Software Card/Calendar Creation Software Multi Frame Print Creation Software Frame Print Creation Software Paper magazine (3.Boxes) QSS-2901. System intallation CD & Floppy Disk. Dark Bag (1.Pc) Extra Lamp(2.Pcs)

၂။ တင်ဒါပေးသွင်းမှုကို ၁၈-၂-၂၀၀၄ ရက်(၁၆:၃၀)နာရီတွင် ပိတ်ပါမည်။
၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်ဝယ်ယူနိုင်ပါသည်။

ပြည်တွင်း/ပြည်ပ ပစ္စည်းများဝယ်ယူရေးနှင့် ထုခွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန
အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊ ရန်ကုန်မြို့
ဖုန်း-၂၄၅၆၃၁၊၂၄၅၆၂၄၊ ၂၄၅၆၄၅။

အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်း၊ တွံတေးမြို့နယ်၊ ပြသတိုက်ကျေးရွာနေ ဦးရွှေလွန်း ၁၂/တတန(နိုင်)၀၁၆၀၄၄ နှင့် ဒေါ်ရီစိန် ၁၂/တတန(နိုင်)၁၀၆၀၄၅ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။ ဦးရွှေလွန်းနှင့် ဒေါ်ရီစိန်တို့၏ သားဖြစ်သူ ကိုခင်မောင်ဝင်း (ခ) ကိုခင်ဝင်း ၁၂/တတန(နိုင်)၀၁၈၃၆၁ သည် မိဘများ၏ ကိုယ်စိတ်နှစ်ပါးစလုံးကို ထိခိုက်နစ်နာစေရန်ပြုမူဆောင်ရွက်နေပါသဖြင့်ယနေ့မှစ၍ အမွေစားအမွေခံ သားအဖြစ်မှ စွန့်လွှတ်ကြောင်းသိရှိစေရန် ကြေညာအပ်ပါသည်။ နောက်နောင် ကိုခင်မောင်ဝင်း(ခ)ကိုခင်ဝင်းနှင့် ပတ်သက်သည့်ကိစ္စအဝဝတို့ကို ဦးရွှေလွန်း-ဒေါ်ရီစိန်တို့နှင့် လုံးဝသက်ဆိုင်ခြင်းမရှိကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

ကျွန်ုပ်တို့၏လွှဲအပ်ညွှန်ကြားချက်အရ ကြေညာခြင်းဖြစ်ပါသည်။

ဦးရွှေလွန်း(ဖခင်)-ဒေါ်ရီစိန် (မိခင်)

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်အေးအေးရီ (LL.B)၊
ဒေါ်လှလှခိုင် (LL.B)
(တရားရုံးချုပ်ရှေ့နေများ)
အခန်းအမှတ်(၇)၊ အမှတ် ၅၅၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

အချိန်တိုတို အမြတ်များများရစေသော ပဲတီစိမ်း (ပဲတီရွှေဝါ) တစ်ပြည်လုံးရှိတောင်သူများ စိုက်ပျိုးနိုင်ရေး ဖြန့်ဖြူးပေး

ကွင်းဆင်းလေ့လာရေးသားသူ — နီနီစံ၊ နုနုရီ
ဓာတ်ပုံမှတ်တမ်း — သန်းနိုင်(မြန်မာ့အလင်း)

ရန်ကုန် ဖေဖော်ဝါရီ ၆

မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးကို အခြေခံသောနိုင်ငံဖြစ်သည်။ နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကရည်မှန်းချက်ဖြစ်သော စပါး ပိုလျှံရမည်။ စားသုံးဆီဖူလုံရမည်၊ ပြည်ပ ပို့ကုန်ပဲမျိုးစုံနှင့် စက်မှုကုန်ကြမ်း သီးနှံများကို တိုးတက်စိုက်ပျိုးထုတ်လုပ်နိုင်ရမည် ဟူသောရည်မှန်းချက်များ အောင်မြင် စေရေးအတွက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန မြန်မာ့စိုက်ပျိုးရေး လုပ်ငန်းက ပဲသီးသန့်စိုက်ပျိုးသော ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်၊ကျောက်တန်း၊ သုံးခွ၊ ခရမ်းမြို့နယ်များအနက် သုံးခွမြို့နယ်ရှိ သိုက်တူးကန် စံပြကျေးရွာတွင် ပဲတီစိမ်း (ပဲတီရွှေဝါ) အထူးဇုန်သို့ သွားရောက်လေ့လာဖြစ်သည်။ ပဲတီစိမ်း (ပဲတီရွှေဝါ)ကို တစ်ပြည်လုံးရှိ တောင်သူများအား နည်းပညာပြန့်ပွားစေရန် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ဒုတိယ အထွေထွေမန်နေဂျာ ဦးမြင့်ဆွေ၊ မန်နေဂျာ ဦးစိုင်းနန္ဒာတို့နှင့်အတူ မြန်မာ့အလင်း သတင်းအဖွဲ့က ရန်ကုန်တောင်ပိုင်းခရိုင်သို့ ရောက်ရှိခဲ့ကြသည်။

ဖြစ်ထွန်းအောင်မြင်

ထိုသို့ သွားရောက်ခဲ့ရာတွင် ရန်ကုန်တောင်ပိုင်းခရိုင် စိုက်ပျိုးရေးမန်နေဂျာ ဦးသန်းထွန်း၊ သုံးခွမြို့နယ် မန်နေဂျာ ဦးသူရစိုးတို့၏ ဦးဆောင်မှုဖြင့် မြန်မာ့ စိုက်ပျိုးရေးလုပ်ငန်းကွင်းအရောက် စိုက်ပျိုးနည်းပညာပေးစခန်း သုံးခွမြို့နယ် သိုက်တူးကန်စံပြကျေးရွာရှိ လက်တွေ့ပဲတီစိမ်း(ပဲတီရွှေဝါ) စိုက်ပျိုးသည့် တောင်သူများနှင့် တွေ့ဆုံမေးမြန်းမှုများပြုလုပ်ရာ ရွေးဦးစွာ တောင်သူဦးမြရွှေက "ပဲတီစိမ်းကို ၁၉၈၇-၈၈ ခုနှစ်ကစ၍ စိုက်ပျိုးခဲ့ကြောင်း၊ထိုစဉ်ကပဲတီစိမ်း(ရိုးရိုး)ကိုသာ စိုက်ပျိုးခဲ့ပြီး ၁၉၉၀-၉၁ ခုနှစ်တွင် ပဲတီစိမ်း(ပဲတီရွှေဝါ)ကို စိုက်ပျိုးခဲ့ရာ အောင်မြင်ဖြစ်ထွန်းကြောင်း" ပြောကြားသည်။

အကျိုးအမြတ်ရှိ

တစ်ဖန် တောင်သူဦးမြင့်သောင်းက "ယခင် တစ်ဧက ခုနစ်တင်း၊ ရှစ်တင်း ထွက်ရှိခဲ့ရာမှ ယခုအနည်းဆုံး ၁၈ တင်း၊ တင်း ၂၀ ပတ်ဝန်းကျင်ထွက်ရှိကြောင်း၊ တစ်ဧက အထွေထွေကုန်ကျစရိတ်မှာ ကျပ်ငါးသောင်းဖြစ်ပြီးပဲထွက်သည့်အပေါ်မှာမူတည်၍ အကျိုးအမြတ်ရှိကြောင်း စိုက်ပျိုးချိန်စောလျှင် ပထမအသီးမှ အမြတ်ပိုရကြောင်း" ပြောကြားသွားသည်။

အထွက်နှုန်းကောင်း

နောက်ဆုံး မေးမြန်းဖြစ်ခဲ့သော တောင်သူ ဦးကျော်ရွှေက "ပဲတီစိမ်းကို ၁၉၈၇-၈၈ခုနှစ်က စ၍ စိုက်ပျိုးခဲ့ကြောင်း၊ပဲပင်၏ဓလေ့စရိုက်အရစတင်စိုက်ပျိုးခဲ့ရသော မြေရိုင်းကို ကျင့်၍စိုက်ပျိုးရသဖြင့် တစ်ဧက အထွက်နှုန်းမှာ ခုနစ်တင်း၊ ရှစ်တင်းသာထွက်ရှိကြောင်းစတင်စိုက်ပျိုးစဉ်က အထွက်နှုန်းနည်းပြီး စိုက်ပျိုးသည့်နှစ် ကြာလာပြီး ပဲမြစ်ဖု ဇီဝမြေဩဇာနှင့် ဇီဝစူပါ ရွက်ဖျန်း မြေဩဇာတို့ကို စဉ်ဆက်မပြတ်အသုံးပြုရာမှအထွက်နှုန်းကောင်းကြောင်း၊ သဘာဝမြေဩဇာ နွားချေးနှင့် ဓာတ်မြေဩဇာကို အချိုးကျသုံးစွဲခြင်းဖြင့် အထွက်နှုန်းကောင်းကြောင်း ပြောကြားသွားသည်။ စိုက်ပျိုးရေးလုပ်ငန်းသည် အပြောလွယ်သလောက် အလုပ်ခက်သည့်လုပ်ငန်းဖြစ်ရာ ရာသီဥတုကိုကြည့်ပြီး အချိန်မီလုပ်ရသည်။ ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် သိုက်တူးကန်စံပြကျေးရွာကတောင်သူများ နည်းတူ တစ်ပြည်လုံးရှိ ပဲတီစိမ်း (ပဲတီရွှေဝါ) စိုက်ပျိုးသူများ သိရှိရန်အတွက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းက ပဲတီစိမ်း တစ်ဧကတင်း၂၀ ပန်းတိုင် အထွက်နှုန်းရရှိရန် နည်းပညာများကို ဖြန့်ဖြူးပေးလျက်ရှိသည်။

လေထုထဲမှ နိုက်ထရိုဂျင်ကို စုပ်ယူနိုင်သည့် ပဲပင်၏ အမြစ်ဖုကလေးများကို တွေ့ရစဉ်။ ဓာတ်ပုံ-သန်းနိုင် (မြန်မာ့အလင်း)

မျှော်မှန်းသည်ထက် ပိုမိုအောင်မြင်ဖြစ်ထွန်းနေသည့် ပဲတီစိမ်းများ။
ဓာတ်ပုံ-သန်းနိုင် (မြန်မာ့အလင်း)

အထွက်ကောင်းမျိုး

ပဲတီစိမ်းသီးနှံတွင် ပန်းတိုင် အထွက်နှုန်းတင်း၂၀ရရှိရန် တစ်ဧက သိမ်းပင်အပြည့်အဝရရှိရေးနှင့်တစ်ပင်ပါ သီးတောင့်များပြီး တစ်တောင့်ပါ အစေ့များအားလုံး အောင်မြင်ရေးအတွက် အဓိကကျသော အထွက်ကောင်း မျိုးများမှာ (၁) ရေဆင်း၊ (၂) ရေဆင်း-၅၊ (၃) ရေဆင်း-၆၊ (၄) ရေဆင်း-၈၊ (၅) ရေဆင်း-၉တို့ ဖြစ်သည်။ စိုက်ပျိုးသော မျိုးများသည် အပင်ပေါက် ရာခိုင်နှုန်း ၈၀ အထက်ရှိသော မျိုးကိုသာ အသုံးပြုရန် ဖြစ်သည်။

စိုက်စနစ်

သီးနှံအထွက်နှုန်း မိတ်ဖက်ဆိုင်ရာ အခြေခံအချက်အလက်များအရ တစ်ဧက တင်း၂၀ထွက်ရှိရန်အတွက် တစ်ဧကရှိ သိမ်းပင်ဦးရေ မိုးကြိုနှင့် မိုးနှောင်း ရာသီတွင် တစ်သိန်းသုံးသောင်း ရရှိရန်နှင့် မိုးရာသီတွင် ရှစ်သောင်းခုနစ်ထောင် ရရှိရန် အရေးကြီးသည်။တစ်ဧက သတ်မှတ်အပင်ဦးရေ ရရှိရန် အောက်ပါအတိုင်း ဆောင်ရွက် နိုင်သည်။

မိုးကြိုနှင့် မိုးနှောင်းတွင် တန်းကြား တစ်ပေ၊ ပင်ကြားလေးလက်မရအောင် စိုက်ပါ။ မိုးရာသီတွင် တန်းကြား ၁ ဒသမ ၅ပေ၊ ပင်ကြား လေးလက်မ ရအောင်စိုက်ပါ။ မျိုးစေ့အား ၁လက်မမှ ၁ ဒသမ ၅လက်မအနက် အတွင်း ရအောင်စိုက်ပါ။ စိုက်ချိန် မှန်ကန်စေရန် မိုးကြိုရာသီတွင် ဇန်နဝါရီလကုန်မှ ဖေဖော်ဝါရီ ပထမပတ်အတွင်း အပြီးစိုက်ပါ။ မိုးရာသီ၌ ဩဂုတ်လအတွင်း အပြီးစိုက်ပါ။ မိုးနှောင်းရာသီတွင် နိုဝင်ဘာလအတွင်း အပြီးစိုက်ပါ။

ထောက်ခံထားသောအပင်ကာကွယ်ရေးနည်းလမ်း၊ သွင်းအားစုနှင့် ရိတ်သိမ်းချိန် နည်းစနစ်များ အတိုင်း လိုက်နာ ဆောင်ရွက်ပါ။

သွင်းအားစု

(က) သဘာဝမြေဩဇာ

မြေဩဇာသွင်းအားစုအနေဖြင့်ဓာတ်မြေဩဇာနှင့် ဒေသထွက် သဘာဝမြေဩဇာများကို ပေါင်းစပ် အသုံးပြုပါ။ မြေပြင်ချိန်တွင် ဒေသထွက်သဘာဝ နွားချေး၊ သို့မဟုတ် မြေဆွေး တစ်တန်မှ သုံးတန် နှုန်းထည့်ပါ။

ပဲမြစ်ဖု ဇီဝမြေဩဇာနှင့် မျိုးစေ့ကို လူးနယ်စိုက်ပျိုးပါ။

မြေပြင်ချိန်တွင် ကနဦး မြေဩဇာအဖြစ် တစ်ဧကလျှင် ယူရီးယား ၂၈ပေါင်၊ တီစူပါပေါင် ၁၀၀နှင့် ပိုတက်ရှ်ပေါင် ၄၀နှုန်း ထည့်ပေးပါ။

မြေဆီထက်သန်သော မြေတွင် ပဲမြစ်ဖုဇီဝမြေဩဇာသုံးပါက ယူရီးယားမြေဩဇာသုံးရန်မလိုပါ။

ပဲစိုက်မြေအများစုတွင် ကန့်ဓာတ်ချို့တဲ့နေသဖြင့် ကန့်ဓာတ် အနည်းဆုံး ၅ ရာခိုင်နှုန်းပါသော ဂျစ်ပဆန်မြေဩဇာ တစ်ဧက ပေါင်၁၀၀စိုက်ချိန်တွင် ထည့်ပါ။

ချဉ်ငန်ဓာတ် မြင့်မားသော မြန်မာနိုင်ငံအလယ်ပိုင်း ပဲစိုက် မြေများတွင် ဇင့်ဓာတ်ပါသော ဇီဖာမြေဩဇာကို တစ်ဧက သုံးပေါင်နှုန်း မြေပြင်ချိန် ထည့်ပါ၊ သို့မဟုတ် ပဲမျိုးစေ့တစ်တင်းလျှင် ဇီဖာတစ်ပေါင်နှုန်း မျိုးစေ့ လူးနယ်စိုက်ပါ။

ပဲတီစိမ်းစိုက်ပြီး ၁၄ ရက်သားမှစ၍ ခုနစ်ရက်၊ ၁၀ရက်ခြား တစ်ကြိမ် ပန်းပွင့်ချိန်အထိ ဇီဝ စူပါရွက်ဖျန်းမြေဩဇာကို အရွက်၏ အပေါ်အောက်မျက်နှာပြင်နှစ်ဖက်စလုံးသို့ဖျန်းပေးပါ။

ပန်းစတင်ပြချိန်မှ သီးကင်းဝင်ချိန်အထိ အနည်းဆုံးနှစ်ကြိမ် ယူရီးယား ထမင်းစားဇွန်းလေး ဇွန်းခွဲ၊ လက်ချားမှုန့် လေးဇွန်း တို့အားရေတစ်ဂါလန်တွင် ဖျော်၍ တစ်ဧက၂၀-၂၅ ဂါလန်နှုန်း အရွက်ပေါ်ဖျန်းပေးပါ။

အပင်ကာကွယ်ရေး

(က) ပေါင်းမြက်

အပင်နှစ်ပတ်သားမှ ပန်းပွင့်ချိန်အထိ ပေါင်းမြက်ကင်းစင်အောင် ဆောင်ရွက်ပါ။

ပန်းပွင့်ချိန်တွင် မြေအစိုဓာတ် လုံလောက်စွာရှိအောင် ဆောင် ရွက်ပါ။

(ခ) ပိုးမွှား

ပျ ကျရောက်မှုကို ပဲပင် ၂၅ ပင်တွင် သုံးပင်၊ ၁၂ရာခိုင်နှုန်း တွေ့ရှိပါက ဒိုင်မီခရွန် ၅၀ ရာခိုင်နှုန်း၊ အီးစီဆေးကို တစ်ဧက ၄၀၀-၆၀၀ စီစီနှုန်း သုံး၍ နှိမ်နင်းပါ။

သီးလုံးဖောက် ပိုးကျရောက်မှု တစ်ပင်လျှင် တစ်ကောင်နှုန်း တွေ့ရှိပါက မြန်မာဖန်သို (အယ်လဆန်) ၅၀ရာခိုင်နှုန်း၊ အီးစီဆေးကို တစ်ဧက ၄၀၀-၆၀၀ စီစီနှုန်းသို့မဟုတ်ဆီလီခရွန် ၅၀၀ အီးစီအား တစ်ဧကလျှင် ၆၀၀-၇၀၀စီစီနှုန်း အသုံးပြု နှိမ်နင်းပါ။

ပင်စည်ထိုး ယင်ကျရောက်မှုမှ ကာကွယ်ရန် မြေပြင်ချိန်တွင် တစ်ဧကလျှင် ဒိုင်ယာဇီနွန်၁၀၊ ဂျီ ၁၅-၂၀ ပေါင်နှုန်းကြဲပက်ထည့်ပေးပါ။စိုက်ပြီးမှ ကျရောက်ပါက ဆိုက်ဖာမီသရင်း ၁၀ ရာခိုင်နှုန်း၊ အီးစီတစ်ဧကလျှင် ၁၅၀-၂၀၀ စီစီနှုန်း အသုံးပြု နှိမ်နင်းပါ။

ယင်ဖြူကျရောက်ပါကအဝါရောင်မိုစိတ်ရောဂါ ကျရောက်တတ်သဖြင့် မိုစိတ်ရောဂါ စတင်တွေ့ရှိပါက နျူဗာခရွန်၄၀ အီးစီကို တစ်ဧက ၄၀၀-၇၅၀ စီစီနှုန်း သို့မဟုတ် ဒါနာဒင် ၄၀ ရာခိုင်နှုန်း အီးစီကို တစ်ဧက ၂၀၀-၃၀၀ စီစီ နှုန်းသုံး၍ နှိမ်နင်းပါ။

ဆာကိုစပိုးရား ရွက်ပြောက် ရောဂါ ပန်းမပွင့်မီ ရောဂါပြင်းထန်စွာကျပါကဒက်ကိုနေးလ် ဆေးအား၅ဒသမ ၁၀ ဂရမ်ကို ရေ တစ်ဂါလန်နှုန်း ရောစပ်၍ ၁၀ ရက်ခြားဖြင့် ၂-၄ ကြိမ် ပက်ဖျန်းပါ။

ရိတ်သိမ်းနည်းစနစ်

စိုက်ကွက်အတွင်းရှိ ပဲတီစိမ်း သီးတောင့်များ မျိုးအလိုက် အစိမ်းရောင်မှ အညိုရောင် သို့မဟုတ် အနက်ရောင် ၇၅ရာခိုင်နှုန်း ပြောင်းချိန်တွင် တစ်ကြိမ်၊ (သို့မဟုတ်) နှစ်ကြိမ် ကောက် သိမ်းပါ။ ကောက်သိမ်းရရှိသော အတောင့်များ နှစ်နေ့၊ သုံးနေ လှန်း၍ နယ်လှေ့သန့်စင်ပါ။ သန့်စင်ပြီးမျိုးစေ့များအား အစိုဓာတ် ၈-၁၀ ရာခိုင်နှုန်းအထိ ရအောင် နေလှန်း၍ ခြောက် သွေ့သောနေရာတွင် သိုလှောင်ထားပါ။

ထို့နောက် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ တာဝန်ရှိသူများနှင့် မြန်မာ့အလင်း သတင်းအဖွဲ့သည် ရန်ကုန်တောင်ပိုင်းခရိုင်တွင် ရေရှည်၌ အလားအလာကောင်းရရှိနိုင်ရန်စတင်စမ်းသပ်စိုက်ပျိုးဖြစ်ထွန်းနေပြီဖြစ်သော၊ ပဲပုပ်နှင့် အောင်မြင်မှု ရရှိနေပြီဖြစ်သော ပဲတီစိမ်းခုနစ်မျိုး စိုက်ပျိုးထားသော ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် သိုက်တူးကန် စံပြကျေးရွာရှိ စိုက်ခင်းများသို့ သွားရောက်ကြည့်ရှုကြသည်။

သို့ဖြစ်ပေရာ ပဲတီစိမ်း စိုက်ပျိုးခြင်းဖြင့် အချိန်တိုကာလအတွင်း အမြတ်အစွန်းများစွာရရှိ၍ လူနေမှုအဆင့်အတန်းမြင့်မားနေသော ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် သိုက်တူးကန် စံပြကျေးရွာရှိ တောင်သူများ နည်းတူ တစ်ပြည်လုံးရှိ တောင်သူများလည်း စိုက်ပျိုးနိုင်ကြစေရန် မြန်မာ့အလင်းသတင်းအဖွဲ့ကရေးသား ဖော်ပြလိုက်ရပါသည်။ **(မြန်မာ့အလင်း)**

တောင်သူတို့၏ အတွေ့အကြုံနှင့် မြန်မာ့စိုက်ပျိုးရေးပညာရှင်များ၏ အတတ်ပညာ၊ နိုင်ငံတော်၏ ပံ့ပိုးပေးမှုကို အချိုးညီညီပေါင်းစပ်၍ အောင်မြင်ဖြစ်ထွန်းနေသည့် ပဲတီစိမ်းစိုက်ကွင်းကြီး။
ဓာတ်ပုံ-သန်းနိုင် (မြန်မာ့အလင်း)

တပ်ကုန်းမြို့နယ် အမှတ်(၁) အခြေခံပညာမူလတန်းကျောင်း၏ ၂၀၀၃-၂၀၀၄ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၃ ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝင်းနှင့် ကျောင်းအကျိုးတော်ဆောင် ဦးမျိုးမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (၂၆၆)

တောင်သူများအား လက်တွန်းထွန်စက် ရောင်းချပေး

ကျောက်ပန်းတောင်း ဇန်နဝါရီ ၂၅

စက်မှုလယ်ယာဦးစီးဌာနထုတ် လယ်ယာ ၁၆ လက်တွန်းထွန်စက်များ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်စုဆောင်းငွေဖြင့် ရောင်းချပေးအပ်ပွဲကို မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့နယ် အမှတ်(၈၂) ထွန်စက်စခန်းတွင် ဇန်နဝါရီ ၁၉ရက်က ကျင်းပသည်။

ထို့နောက် ထွန်စက်စခန်း ဦးစီးအရာရှိက လယ်ယာ ၁၆ လက်တွန်းထွန်စက်များ ဝယ်ယူသည့် တောင်သူဦးကြီးများအား စက်စွမ်းရည်နှင့် စက်အသုံးပြုပုံကို ရှင်းလင်းပြောကြားပြီး သရက်တောကျေးရွာအုပ်စုက ဝယ်ကြသော တောင်သူများအား လက်တွန်းထွန်စက်ခြောက်စီးနှင့် စာရွက်စာတမ်းများ တစ်ဦးချင်း ရောင်းပေးကြောင်း သိရသည်။(**ယာပုံ**) (**ဝ၆၁**)

ဒီဇင်ဘာ ၃၁ရက်က ရှမ်းပြည်နယ် (တောင်ပိုင်း) ဆီဆိုင်မြို့နယ် ကယန်းလေးကျေးရွာတွင် ဂျပန် (ဂျီဂျီအေ)မှ ထောက်ပံ့မှုဖြင့် ဆောက်လုပ်ပြီးစီးသော ကျပ်သိန်း ၉၀ တန် တွဲဖက်အခြေခံပညာ မူလတန်းကျောင်း အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနား ကျင်းပစဉ်။ (၀၄၈)

ရွှေဘိုမြို့နယ်၌ ကတ္တရာလမ်းသစ်ဖွင့်

ရွှေဘို ဇန်နဝါရီ ၂၇

၂၀၀၃-၂၀၀၄ခုနှစ် ရွှေဘိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မင်းသားလမ်း ကတ္တရာလမ်းသစ် ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၃ရက် နံနက်က ရွှေဘိုမြို့ အမှတ်(၂)ရပ်ကွက် မင်းသားလမ်းတွင် ကျင်းပသည်။

